# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၅) ရက် ၊ ကြာသပတေးနေ့ ၊ (23-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အမျိုးသား ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အမျိုးသားပိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ် အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟားခါးမြို့ရှိ မြို့မိမြို့ဖများနှင့် တပ်နယ်မိသားစုဝင်များ၊ ကလေးမြို့ရှိ ကလေး၊ ကျိုက်ကန်း တပ်နယ်မိသားစုဝင်များ၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သီးခြားစီတွေ့ဆုံ၊ ကလေးမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး**

စာမျက်နှာ – ၁၈

**ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး (Martial Law) အာဏာအပ်နှင်း**

စာမျက်နှာ – ၁၉




ရတနာပုံ
၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# စားသုံးဆီ ဘေးကင်းလုံခြုံရေး

မြန်မာနိုင်ငံ၏ စားသုံးမှုပုံစံလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားလျက်ရှိရာ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်။ အကြောင်းမှာ စားအုန်းဆီများကို ပြည်ပမှ တင်သွင်းနေရသောကြောင့်ဖြစ်သည်။ စားသုံးဆီသည် စားသုံးရန်မသင့်သည့် ဆီမဟုတ်သော်လည်း ကျန်းမာရေးမထိခိုက်စေရန် သန့်ရှင်းသောဆီဖြစ်စေရေးအတွက် သိုလှောင်သယ်ယူထုပ်ပိုးသည့်နေရာများ၊ လက်လီရောင်းချသည့်နေရာများကို သန့်ရှင်းမှုရှိအောင်၊ ဘေးကင်းလုံခြုံစိတ်ချရအောင် ဆောင်ရွက်ရန်လိုပေသည်။

မြန်မာနိုင်ငံတွင် စားသုံးသူအများစုသည် အရည်အသွေးမပြည့်မီသည့်ဆီများ စားသုံးခြင်း၊ ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းကြောင့် မကူးစက်နိုင်သောရောဂါဖြစ်ပေါ်နေရသည်။ အကြောင်းမှာ စားအုန်းဆီကို မြေပဲ၊ နှမ်းဓာတုအနံ့များ ထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသည့် မသန့်စင်ရသေးသောဝါစေ့ဆီအနီရောင်ကို အရောင်လှအောင်ရောစပ်၍ နှမ်းဆီအဖြစ်ရောင်းချခြင်းတို့ ရှိနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဆီစက်များ၊ ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့်အထောက်အထားမပါရှိသောဆီများကို ခတ်ခွဲခန်းသို့ပို့၍ ခတ်ခွဲစမ်းသပ်ပြီး စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်ပိတ်ပင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ဈေးများအတွင်း ခွက်ခြင်ဖြင့် ရောင်းချသည့်ဆီများကိုလည်း မိမိရောင်းချသော စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီ စသည်တို့သည် မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်းထားရှိရန် စားသုံးသူရေးရာဦးစီးဌာနများက အသိပေးထားသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင် ဆီဖူလုံမှုရှိမည်ဖြစ်သော်လည်း မြေပဲနှင့် နှမ်းသည် ပြည်ပပို့ကုန်အဖြစ် တင်ပို့ပေးနေရသည်။ ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်အနေဖြင့် စားအုန်းဆီကို ပြည်ပက တင်သွင်းနေရသည်။

ထို့ပြင် စားသုံးသူအများစုသည် ကျန်းမာရေးဗဟုသုတနည်းပါးသောကြောင့်လည်းကောင်း၊ သိသော်လည်း ဝင်ငွေနည်းသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကို မစားသုံးနိုင်သောကြောင့်လည်းကောင်း ထုတ်လုပ်ရောင်းချသူများ၏ မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို သုံးစွဲနေကြရသည်။ ထိုကဲ့သို့ ဘေးကင်းလုံခြုံမှုမရှိသော စားသုံးဆီများကို သုံးစွဲခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ စားဆုံးဆီဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရောင်းချမည့်စားသုံးဆီအမျိုးမျိုးနှင့်စပ်လျဉ်း၍ အမျိုးအမည်၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်းတို့ကို မဖြစ်မနေဖော်ပြရန်လိုပေသည်။ စားသုံးသူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာဗဟုသုတများကို ရှာဖွေခြင်း၊ လုံခြုံစိတ်ချရသော စားသုံးဆီများကို ရွေးချယ်ဝယ်ယူစားသုံးခြင်းဖြင့် အစားအသောက်ဘေးကင်းလုံခြုံမှုကို ရရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် ဒေသများသို့ ရေလှူဒါန်းပေးသွားမည်



ယခင်နှစ်က ရေလှူဒါန်းနေမှုကို တွေ့ရစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် ဒေသများသို့ ရေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ ဦးစီးဌာနသို့ တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကျေးရွာများ၌ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပြီး အကူအညီတောင်းခံလာပါက သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းနှင့် နယ်မြေခံမီးသတ်စခန်းတို့က အချိန်နှင့်တစ်ပြေးညီ ရေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာနအနေဖြင့် ယခု ဖေဖော်ဝါရီလမှစ၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် ကျေးရွာများရှိပြည်သူများ နွေကာလသောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပြီး အကူအညီတောင်းခံလာပါက နေရာဒေသမရွေး ရေလှူဒါန်းပေးသွားရန် အသင့်ပြင်ဆင်ထားရှိကြောင်း သိရသည်။

"မီးသတ်ဦးစီးဌာနအနေနဲ့ သောက်သုံးရေရှားပါးတဲ့ ဒေသတွေကို ရေလှူဒါန်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးမှာပါ။ ပြည်သူလူထုအနေနဲ့ကလဲ ကိုယ့်ဒေသမှာသောက်သုံးရေ ရှားပါးပြတ်လပ်မှုရှိရင် သက်ဆိုင်ရာမြို့နယ် မီးသတ်စခန်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် မီးသတ်ဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒေသအခြေအနေပေါ်မူတည်ပြီး ရေအခက်အခဲရှိလို့အကူအညီတောင်းရင် လှူဒါန်းပေးပါတယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြသည်။

ယခုအခါ ရာသီဥတုပူပြင်းလာမှုများ ဖြစ်ပေါ်နေသောကြောင့် ရေလှူဒါန်းမှုများ အကြိမ်ရေရောရေဂါလန်ပါ ပိုမိုများလာနိုင်မည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် သောက်သုံးရေရှားပါးသည့် ဒေသများကို ရေလှူဒါန်းခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာများအနေဖြင့်လည်း ရေရှားပါးမှုဖြစ်ပေါ်ခဲ့လျှင် မြို့နယ်မီးသတ်စခန်းများသို့ ဆက်သွယ်ပြီး အကူအညီတောင်းပါက အချိန်နှင့်တစ်ပြေးညီ ရေလှူဒါန်းမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဆိပ်ကမ်းများမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာမြို့တို့သို့ ကုန်စည်တင်ပို့မှုမြင့်တက်လာ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးဆိပ်ကမ်းများမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာမြို့တို့သို့ ဖေဖော်ဝါရီလအတွင်း ကုန်စည်တင်ပို့မှုမြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းများဖြစ်သည့် ဂေါဝိန်၊ ရွှေကြက်ယက်၊ မရမ်းခြံ၊ ချော်ဆိပ်ကမ်းတို့မှ ဆန်၊ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက် အပါအဝင် အဝတ်အထည်နှင့် အခြား လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ရန်ကုန်၊ ရွှေဘို၊ သပိတ်ကျင်း၊ ရွှေကူ၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့် မြို့ကြီးတို့သို့ တင်ပို့လျက်ရှိရာ ရန်ကုန်၊ ထီးချိုင့်၊ ကသာမြို့တို့သို့ ဖေဖော်ဝါရီလအတွင်း ကုန်စည်တင်ပို့မှုမြင့်တက်လာကြောင်း သိရသည်။

"မန္တလေးဆိပ်ကမ်းတွေမှာ ကုန်စည် ရရှိမှုတော်တော်လေး အားကောင်းလာတယ်။ မန္တလေးဆိပ်ကမ်းတွေကနေ တင်ပို့တဲ့ ပို့ကုန်တွေထဲမှာ ဆန်၊အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေကတော့ အခုလတ်တလော တင်ပို့မှု အများဆုံးဖြစ်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းများမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာမြို့တို့သို့ ဆန်၊ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးပိ၊ ငါးခြောက်၊ ဆီ၊ ဆားစသည့် ကုန်စည်များတင်ပို့မှုမှာ ဇန်နဝါရီလအတွင်းက ကုန်စည်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းခန့်သာရှိခဲ့သော်လည်း ယခု ဖေဖော်ဝါရီလအတွင်း ကုန်စည်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းထိရှိလာပြီး ကုန်စည်တင်ပို့မှု မြင့်တက်လာခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းများမှ ရန်ကုန်၊ စစ်ကိုင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၄၀၀ ကျော်ရှိပြီး ခရီးသည်နှင့် ကုန်စည်တင်ဆောင်ပြေးဆွဲနေသည့် ရုပ်ပြေးအမြန်ရေယာဉ်အစီးရေမှာ စုစုပေါင်း ၃၀၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ အဝယ်လိုက်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ဈေးကောင်းရရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ အဝယ်လိုက်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် မြေထောက်ပဲများကို ယခုလက်ရှိတွင် ပြည်ပက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ယခုအခါ ပြည်တွင်း၌ မြေထောက်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး မန္တလေးဈေးကွက်အတွင်း၌ မြေထောက်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ မြေထောက်ပဲတွေကို အခုလက်ရှိ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ဈေးကောင်းပိုရလာပါတယ်။ မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ပဲအမျိုးအစားထဲမှာ ပါပါတယ်။ အခုဈေးကွက်ထဲမှာ မြေထောက်ပဲက တော်တော်လေး ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီလ ပထမပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၆၅၀၀၀ ထိသာ ပေါက်ဈေးရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၂၁ ရက်က မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သပိတ်ကျင်းမြို့နယ် အုံးငုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ န၀မအကြိမ်ထုတ်ချေး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုံးငုံးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ န၀မအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၈၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အုံးငုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၄ ရွာတွင် အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်း ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။ **မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစင်မောင်မြ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဒုတိယရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်က လက်ခံရယူစဉ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ နှမ်းတန်ချိန်နှစ်သိန်းကျော် တင်ပို့ရောင်းချသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ နှမ်းတန်ချိန် နှစ်သိန်းကျော်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

မြန်မာနှမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ကိုရီးယားနှင့်စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ နှမ်းတန်ချိန် ၂၂၀၀၀၀ ထိတင်ပို့ရောင်းချသွားမည်ဖြစ်ပြီး ထိုကဲ့သို့တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၃၀ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကနေစတင်ပြီး တောင်ကိုရီးယားနိုင်ငံနဲ့ စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံကို နှမ်းတန်ချိန် ၂၂၀၀၀၀ ထိ တင်ပို့သွားဖို့ရှိတယ်။ ပြည်ပဖောက်သည် ဈေးကွက်တွေဆီ တင်ပို့ရာမှာ နှမ်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၅၀၀ လောက်ရရှိမှာဖြစ်ပါတယ်။ လက်ရှိကတော့ မြန်မာနိုင်ငံကထွက်တဲ့ နှမ်းဟာ နိုင်ငံတကာဈေးကွက်မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀၀ ကနေ ၁၂၀၀ လောက်ထိ ဈေးရရှိနေတာဖြစ်ပါတယ်။ မြန်မာနှမ်းကို တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ ဘူလ်ဂေးရီးယား၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ မလေးရှား စတဲ့နိုင်ငံတွေက အဓိကဝယ်ယူလျက်ရှိပါတယ်။ ဂျပန်ဈေးကွက်မှာဆိုရင် မကွေးတိုင်းဒေသကြီး အောင်လံမြို့ကထွက်ရှိတဲ့ နှမ်းနက်က အရည်အသွေးကောင်းမွန်လို့ ဈေးကွက်ခိုင်မာနေပြီဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

ASH

# မိုးမိတ်မြို့နယ် သရက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**မိုးမိတ် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် သရက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့်တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သရက်တောကျေးရွာ၌ လမ်းအရှည်ပေ ၉၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၈ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၄ ဒသမ ၃၃ သန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၃၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သရက်တောကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# အမ်းမြို့နယ် ဆူးပုတ်ပျဉ်းတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**အမ်း ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆူးပုတ်ပျဉ်းတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆူးပုတ်ပျဉ်းတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

ဆူးပုတ်ပျဉ်းတောကျေးရွာ၌ လမ်းအရှည်ပေ ၅၇၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ဆူးပုတ်ပျဉ်းတောကျေးရွာရှိ အိမ်ခြေ ၈၁ အိမ်၊ လူ ၃၃၅ ဦးတို့ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။ **ကိုသန့်**



# ကရဝိက

**ဗိုလ်ရိုက်(ရတနာပူရ)**

❖ ကရဝိကနှစ်ပါးကို ကွဲပြားစေရန် သာလွန်မင်းလက်ထက် ပထမကရဝိကကို ညောင်ရမ်းခေတ်ဦးကရဝိက၊ ဟံသာဝတီပါမင်းလက်ထက် ဒုတိယကရဝိကကို ညောင်ရမ်းခေတ်နှောင်းကရဝိကဟူ၍ ကွဲပြားစွာ မှတ်သားနိုင်သည်။ ထိုသို့မဟုတ် တစ်နည်းမှတ်သားလိုလျှင်လည်း လေးထပ်ကျောင်းတည်မော်ကွန်းရေးဖွဲ့ခဲ့သော ပထမကရဝိကကို မော်ကွန်းကရဝိက၊ မင်းလှယဉ်နုပျို့ရေးခဲ့သော ကရဝိကကို ပျို့ကရဝိကဟူ၍ ခွဲခြားမှတ်သားနိုင်သည်။ မြန်မာစာပေသမိုင်းတွင် တွေ့ရသောအမည်တူ စာဆိုတော်များကို ယခုကဲ့သို့ ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်းရှာဖွေဖော်ထုတ်မှတ်သားထားလျှင် အမည်တူ စာဆိုတော်များ ရောထွေးမှုသည် နည်းပါးသွားမည်ဖြစ်သည်။ ❖

မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော စာဆိုတော်များစွာရှိသည်။ ရဟန်းစာဆို၊ ရှင်ဘုရင်စာဆို၊ မိဖုရားစာဆို၊ မှူးမတ်စာဆို၊ ပုဏ္ဏားစာဆို၊ အမျိုးသားစာဆို၊ အမျိုးသမီးစာဆို စသည်ဖြင့် အတန်းအစားအသီးသီးမှ စာဆိုအသီးသီးထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ထိုသို့ပေါ်ထွန်းခဲ့သော စာဆိုတော်များတွင် အမည်တူ စာဆိုတော်များလည်း ထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ အမည်တူ စာဆိုတော်များသည် ခေတ်ကာလ ကွာခြား၍ ထွက်ပေါ်ခဲ့သော်လည်း အချို့အမည်တူ စာဆိုတော်များသည် တစ်ခေတ်တည်းတွင် ပေါ်ထွန်းခဲ့သည်ကို တွေ့ရသည်။

မြန်မာစာပေသမိုင်းတွင် တွေ့ရသော နဝဒေးဘွဲ့ရ စာဆိုတော်များတွင် နဝဒေးကြီးသည် တောင်ငူခေတ်က ပေါ်ထွန်းခဲ့ပြီး ဝက်မစွတ်နဝဒေးသည် ကုန်းဘောင်ခေတ်မှ ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ နဝဒေးဘွဲ့ချင်းတူသော်လည်း ခေတ်ကာလကွာခြားသည်။ အချို့စာဆိုများကား တစ်ခေတ်တည်း၌ ပေါ်ထွန်းခဲ့သည်။ လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ မင်းထင်သက်ရှည် ဦးမင်းတို့သည် ကုန်းဘောင်ခေတ်တစ်ခေတ်တည်း၌ ပေါ်ထွန်းခဲ့သော စာဆိုတော်များဖြစ်ကြသည်။

အမည်တူ၊ ဘွဲ့တူစာဆိုတော်များ ပေါ်ထွန်းခဲ့ခြင်းကြောင့် ထိုပုဂ္ဂိုလ်တို့ရေးခဲ့သော စာပေများနှင့်စပ်လျဉ်း၍ ရောထွေးမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။ စာပေတွင်သာမက နှစ်ဦးကို တစ်ဦးအဖြစ် ရောထွေးခဲ့ရသည်။ ထိုကဲ့သို့ အမည်တူ၊ ဘွဲ့တူရောထွေးမှုများကို ပညာရှင်များသည် သနိုသနဲထုတ်ဖော်ဖြေရှင်းခဲ့ကြရသည်။ အမည်တူ စာဆိုတော်များကို သီးသန့်ရေးသား စာအုပ်ပြုလုပ်ထားပါက ပို၍မှတ်သားရလွယ်ကူမည်ဖြစ်သည်။

အမည်တူ စာဆိုတော်များတွင် အမည်တူရုံသာမက တစ်ခေတ်တည်း၌ ပေါ်ထွန်းခဲ့သော စာဆိုတော်နှစ်ဦးလည်းရှိပေသည်။ ထိုစာဆိုတော်နှစ်ဦးမှာ ရှင်ကရဝိကဖြစ်လေသည်။ နှစ်ဦးစလုံးသည် ရဟန်းစာဆိုတော်များဖြစ်ကြသလို ဘွဲ့အမည်မှာလည်းတူကြသည်။ ပေါ်ထွန်းခဲ့သော ခေတ်မှာလည်း ညောင်ရမ်းခေတ်တွင် တူညီစွာ ပေါ်ထွန်းခဲ့သော စာဆိုတော်ရဟန်းနှစ်ပါးဖြစ်သည်။

စာဆိုတော် ရှင်ကရဝိက နှစ်ပါးနှင့်ပတ်သက်၍လည်း ရောထွေးမှားယွင်းမှုများဖြစ်ခဲ့ဖူးသည်။ ဆရာကြီး ဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင် စာဆိုတော်ရှင်ကရဝိက နှစ်ပါးကို တစ်ဦးတည်းထင်ကာ ယခုကဲ့သို့ရောထွေးမှားယွင်းဖော်ပြခဲ့ဖူးသည်။

"ရှင်ကရဝိကသည် ပုခန်းကြီးမြို့ ကျေးပိုက်သင်ရွာဇာတိ၊ ပထမ ကျော်အောင်စံထားဆရာတော်၏တပည့်ဖြစ်သည်။ အင်းဝရွှေနန်းရှင် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၉၉၆ ခုနှစ်တွင် "တက်ထွန်းလျှံဝါ"အစချီသောပိုဒ်စုံရတုသုံးပိုဒ်ကိုဆက်သွင်းသည်။ ဤရတုတွင် "ဖြူရိပ်ဖြန့်လွှား၊ လူ့ဘုရားလျှင်၊ လေးပါးတန်ခိုး၊ နေ့တိုင်းတိုးလျက်"စသည်ဖြင့် ရှင်ဘုရင်ကို လူ့ဘုရားဟု ထောမနာလျက် ထန်းရွက်ညွန့်ရှည်တွင် ရေးသားဆက်သွင်းသည်ကို ဘုရင်မင်းမြတ်သဘောတော် နှစ်ခြိုက်၍ ရွှေကျည်တောက်တွင် သွင်းနှံ့ပြီးလျှင် ခေါင်းရင်း၌ အမြဲထားရုံမက နှုတ်ရအာဂုံဆောင်တော်မူ၍ အလိုက်ရတုများကိုပင် လေ့ကျက်ရေးသားတော်မူကြောင်း ပြောဆိုစဉ်ရှိသည်။ ရေးသားသော စာများကား ပုဂံဘွဲ့လူးတား၊ နရပတိရေလား၊ မင်းလှယဉ်နုပျို့၊ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းများနှင့်ရတု အမျိုးမျိုးဖြစ်သည်။"

အထက်ပါရေးသားဖော်ပြချက်များသည် ရှေ့နောက်မညီမှားယွင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ "ရှင်ကရဝိကသည် ပထမ ကျော်အောင်စံထားဆရာတော်၏တပည့်ဖြစ်သည်။ သက္ကရာဇ် ၉၉၆ ခုနှစ်တွင် သာလွန်မင်းတရားကြီးထံ ပိုဒ်စုံရတုသုံးပိုဒ်ကို ရေးသားဆက်သွင်းသည်" စသည့် ရေးသားချက်များသည် မှားယွင်းနေသည်။ ပထမ ကျော်အောင်စံထား ဆရာတော်သည်ပင် သက္ကရာဇ် ၁၀၆၇ ခုနှစ်မှ မွေးသည်။ သူ၏တပည့် ရှင်ကရဝိက အဘယ်ကြောင့် ၉၉၆ ခုနှစ်မှာ ရတုသုံးပိုဒ် ဆက်သွင်းရသနည်း။ အမှန်က ရောထွေးမှားယွင်းခဲ့ခြင်းသာဖြစ်သည်။ သက္ကရာဇ် ၉၉၆ ခုနှစ် သာလွန်မင်းထံ ရတုသုံးပိုဒ်ဆက်သွင်းခဲ့သော ရှင်ကရဝိကသည် ကရဝိကတစ်ပါးဖြစ်ပြီး ပထမ ကျော်အောင်စံထားဆရာတော်၏တပည့် ရှင်ကရဝိကသည် ကရဝိကတစ်ပါးသက်သက်ဖြစ်သည်။

ဆရာကြီး ဦးဖေမောင်တင် ရောထွေးမှားယွင်းသကဲ့သို့ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းများတွင် အစောဆုံးပေါ်ထွက်ခဲ့သော ဆရာကြီး ဒဂုန်နတ်ရှင်၏ "စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်"တွင်လည်း ရောထွေးမှားယွင်းနေသည်။ ဆရာကြီး ဒဂုန်နတ်ရှင်၏စာအုပ်သည် ၁၉၄၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ဆရာကြီး ဒဂုန်နတ်ရှင်၏ စာအုပ်တွင် ရှင်ကရဝိကအကြောင်းကို ဆရာကြီး ဦးဖေမောင်တင်ထက် ပို၍ပြည့်စုံစွာ ဖော်ပြထားသည်ကို တွေ့ရသည်။ ဆရာကြီးဒဂုန်နတ်ရှင်၏ အလိုကို ကောက်နုတ်ပြပါဦးမည်။

"သက္ကရာဇ် ၉၉၁ ခုနှစ် ဝါဆိုလပြည့်နေ့သည် ရှင်ကရဝိက အလောင်းအလျာကို ဆောင်ယူသော အချိန်အခါဖြစ်သည်။ ဦးလှော်နှင့် ဒေါ်ရွှေမယ်တို့သည် သားငယ်ကို ပညတ်သွားရာဓာတ်သက်ပါအောင် မောင်ချမ်းသာဟု အမည်ပေးကြလေ၏။ မိဘနှစ်ပါးတို့သည် မောင်ချမ်းသာ ခုနစ်နှစ်သား အရွယ်ကပင် ပဌမကျော်အောင်စံထားဆရာတော်ကြီးထံ အပ်နှံလေ၏။ ဆရာတော်လည်း သူငယ်၏ ဉာဏ်စွမ်းဉာဏ်စကို မြင်တော်မူသည်နှင့်အညီ သာမဏေအဖြစ် သွတ်သွင်းစေ၏။ ရှင်သာမဏေဘွဲ့ကရဝိကဖြစ်သည်"ဟူ၍လည်းကောင်း၊ ထို့နောက် "ပဌမ ကျော်အောင်စံထား ဆရာတော်ကြီး၏ လက်ထောက်စာချဆရာတော်ရာထူးကို အချီးအမြှင့်ခံယူကာ ဆရာတော်ကြီးအား များစွာ အကူအညီပေးရစေလျက် သာသနာတော်၏အကျိုးကို ဆောင်ရွက်တော်မူခိုက် ဘုရင်ထီးဘုရား၏ သားတော်ကလေးဖွားမြင်သည့်သတင်းအရောက်၌ သက္ကရာဇ် ၁၀၅၀ ပြည့်နှစ်တွင် ညွန့်ဖူးဝေဝေကျွန်းသပြေ အစချီသော မင်းလှယဉ်နုပျို့ကို ရေးသားဆက်သွင်းလေ၏။ ထိုအခါ ရှင်ကရဝိက၏ ဉာဏ်စွမ်းကို ကောင်းစွာသိမြင်ရသည့်အလျောက် လူဝတ်ကြောင်ဖြင့် အမှုတော်ကို ထမ်းရွက်စေလိုသော လျှောက်ထားချက်မှာ သဘောမနှစ်သက်သဖြင့် လူမထွက်ဖြစ်ဘဲ စစ်ကိုင်းဘက်သို့ ကူးသွားတော်မူ၏။ စစ်ကိုင်းရွှေမင်းဝံတောင်ရိုးတွင် အရညဝါသီတောရဆောက်တည်လျက် သက္ကရာဇ် ၁၀၅၁ ခုနှစ် သက်တော် ၆၀၊ ဝါတော် ၄၀ မပြည့်မီ လူမည် မောင်ချမ်းသာ လုံးဝကွယ်ပျောက်ပြီး ရဟန်းတော် ရှင်ကရဝိက ဘွဲ့တော်နှင့် အရိုးထုတ်လျက် ပျံလွန်တော်မူရှာလေသည်"ဟူ၍ လည်းကောင်း ဖော်ပြထားသည်။

ဆရာကြီး ဒဂုန်နတ်ရှင်သည်လည်း ဆရာကြီး ဦးဖေမောင်တင်ကဲ့သို့ ပမာဒလေခဖြစ်သွားဟန်တူသည်။ ဆရာကြီး ဒဂုန်နတ်ရှင်သည် ရှင်ကရဝိကကို သက္ကရာဇ် ၉၉၁ ခုနှစ်တွင်မွေးပြီး ပထမ ကျော်အောင်စံထားဆရာတော်ထံ စာသင်သည်ဟုဆိုထားသည်။ သက္ကရာဇ် ၁၀၆၇ ခုနှစ်တွင် မွေးသော ပထမ ကျော်အောင်စံထားဆရာတော်ထံ သက္ကရာဇ် ၉၉၁ ခုနှစ် မွေးသောသူက မည်သို့စာသင်မည်နည်း။ ရှင်ကရဝိက ရေးဖွဲ့ခဲ့သည့် လေးထပ်ကျောင်းတည်မော်ကွန်းရေးဖွဲ့ပြီးစီးသည့်နေ့ရက်မှာ သက္ကရာဇ် ၉၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် သောကြာနေ့(၁၆၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်)ဖြစ်သည်။ သက္ကရာဇ် ၉၉၁ ခုနှစ်မွေးသောသူက သက္ကရာဇ် ၉၈၄ ခုနှစ်တွင် မော်ကွန်းကို ရေးသည်ဆိုသည်မှာလည်း မဖြစ်နိုင်တော့ချေ။ ထိုသို့ ရောထွေးမှားယွင်းရခြင်းမှာ ရှင်ကရဝိကနှစ်ပါး ရှိကြောင်း မသိ၍ရောထွေးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ကရဝိက နှစ်ပါးကို ရှင်းရှင်းလင်းလင်းသိစေရန် ရှင်ကရဝိကအကြီးကို ပထမရှင်ကရဝိက၊ အငယ်ကို ဒုတိယရှင်ကရဝိကဟူ၍ ရေးသားဖော်ပြပါမည်။

**ပထမရှင်ကရဝိက**

ပထမရှင်ကရဝိကသည် အနောက်ဘက်လွန်မင်းတရားနှင့် သာလွန်မင်းတရားကြီးလက်ထက်တွင် ထင်ရှားသော စာဆိုတော်တစ်ပါးဖြစ်သည်။ ဆရာတော်၏မွေးဖွားနှစ်ကို တိတိကျကျမသိရပေ။ သာလွန်မင်းတရားကြီး၏ညီတော် မင်းရဲကျော်စွာသည် စစ်ကိုင်းမြို့ ဧရာဝတီမြစ်ဘေး၌ လေးထပ်ကျောင်းတော်ကြီးတစ်ဆောင်ကို သက္ကရာဇ် ၉၇၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ ထိုလေးထပ်ကျောင်းတော်ကြီး တည်ဆောက်ခဲ့သည့်အကြောင်းကို ရှင်ကရဝိကသည် လေးထပ်ကျောင်းတည်မော်ကွန်းဟူ၍ မော်ကွန်းတစ်စောင်ရေးဖွဲ့ခဲ့သည်။

လေးထပ်ကျောင်းတည်မော်ကွန်း၌-

"သဒ္ဒါချစ်ကြည်၊ ထီးစည်မည်သစ်
သင်းကျစ်စလွယ်၊ ရွှေသွယ်ဘယက်
ကွမ်းခွက်ကစ၊ အစုံရသား
နှံ့မျှကျော်သိ၊ သီရိဇေယနော်ရထာ
မည်သာညွန့်ရှင်၊ မတ်ကျော်ထင်လျှင်
ချစ်ကြည်လေးမြတ်၊ သားတို့မှတ်၍
ဖုန်းမြတ်ထေရ်ကျော်၊ ဆရာတော်ဝယ်
ကော်ရော်ညွတ်ခ၊ စာသင်ရသား
ကရဝိက၊ နာမခေါ်သည်
တို့အမည်ကား

ဝန်းလည် အထင်အရှားတည်း"ဟူ၍ ရေးဖွဲ့ထားသဖြင့် ရှင်ကရဝိကသည် ဝန်ရှင်တော် သီရိဇေယနော်ရထာ၏ မွေးစားသားဖြစ်ကြောင်း သိရသည်။ သီရိဇေယနော်ရထာသည် သားဖြစ်သူရှင်ကရဝိကကို တောင်ဖီလာဆရာတော်ထံ၌ အပ်နှံ၍ စာပေသင်ကြားစေသည်။ သီရိဇေယနော်ရထာသည် သက္ကရာဇ် ၉၇၁ ခုနှစ် တောင်ငူကြက်ရိုးပင်တိုက်ပွဲ၌ ကျဆုံးခဲ့သည်။ မင်းရဲကျော်စွာတည်ဆောက်သော လေးထပ်ကျောင်းသည် တောင်ဖီလာဆရာတော်အား တင်လှူခဲ့ခြင်း၊ ရှင်ကရဝိကသည် တောင်ဖီလာဆရာတော်၏ တပည့်ဖြစ်ခြင်းကြောင့် ဆရာဖြစ်သူ၏ကျောင်းကို မော်ကွန်းဖွဲ့ဆိုခဲ့ခြင်းဖြစ်ပေမည်။

သာလွန်မင်းတရားကြီးနန်းတက်သောအခါတွင် ရှင်ကရဝိကသည် "တက်ထွန်းလျှံဝါ"အစချီသော နန်းဖွင့်ရတုကို ရေးသားဆက်သွင်းခဲ့သည်။ ထိုရတုတွင် သာလွန်မင်းတရားကြီးကို "လူ့ဘုရား"ဟူ၍ တင်စားဖွဲ့ဆိုထားသောကြောင့် သာလွန်မင်းတရားကြီးသည် အလွန်နှစ်ခြိုက်လှသဖြင့် ထိုရတုရေးသားထားသည့် ထန်းရွက်ညွန့်ရှည်ကို ရွှေကျည်တောက်တွင် ထည့်ကာ ခေါင်းရင်း၌ အမြဲထားတော်မူခဲ့သည်။ ထိုသို့ထားရုံမက ရတုကို အာဂုံရအောင်ဆောင်၍ အလိုက်ရတုများကိုလည်း ရေးသားတော်မူကြောင်း အစဉ်ပြောစကားရှိသည်။ ရှင်ကရဝိက ကွယ်လွန်ခဲ့သော နှစ်ကို တိတိကျကျမသိရပေ။


**ဒုတိယရှင်ကရဝိက**

ဒုတိယရှင်ကရဝိကသည် ညောင်ရမ်းခေတ်နှောင်းပိုင်း ဟံသာဝတီပါမင်းလက်ထက်တွင် ထင်ရှားသော စာဆိုတော်တစ်ဦးဖြစ်သည်။ ဤဆရာတော်၏မွေးဖွားနှစ်ကို တိတိကျကျမသိရပေ။ မိုင်းခိုင်းမင်းကြီး ဦးယမ်၏ ပြည်ဘွဲ့မြို့ဘွဲ့လင်္ကာညွန့်ပေါင်းကျမ်းတွင်-

"မင်းလှယဉ်နုပျို့က သက္ကရာဇ် ၁၁၁၀ ပြည့်နှစ် ဟံသာဝတီပါမင်းလက်ထက် ပုခန်းကြီးမြို့ ဇီးရင်စု၊ ပိုက်သင်ရွာဇာတိ၊ ပဌမ ကျော်အောင်စံထားဆရာတော် ရှင်ဉာဏဝရတပည့်မောင်ရှင်ကရဝိက စီရင်သည်"ဟူ၍ တွေ့ရသည်။ ထို့ကြောင့် မင်းလှယဉ်နုပျို့ကို စီရင်ရေးသားသော ရှင်ကရဝိကသည် ကျော်အောင်စံထား ဆရာတော်ရှင်ဉာဏဝရ၏တပည့်ဖြစ်ကြောင်း သိရသည်။ မင်းလှယဉ်နုပျို့ကိုသက္ကရာဇ် ၁၁၁၀ ပြည့်နှစ်တွင် ဖွဲ့ဆိုပြီးစီးခဲ့ကြောင်း သိရသည်။ ဒုတိယရှင်ကရဝိက ကွယ်လွန်ခဲ့သောနှစ်ကိုလည်း တိတိကျကျမသိရပါ။

အထက်တွင် ဖော်ပြထားသည်များကို ကြည့်ပါက ညောင်ရမ်းခေတ်တစ်ခေတ်တည်းတွင် ပေါ်ထွန်းခဲ့သော ရှင်ကရဝိက နှစ်ပါးကို ကွဲပြားမည်ထင်ပါသည်။ ကရဝိကနှစ်ပါးကို ကွဲပြားစေရန် သာလွန်မင်းလက်ထက် ပထမကရဝိကကိုညောင်ရမ်းခေတ်ဦး ကရဝိက၊ ဟံသာဝတီပါမင်းလက်ထက်ဒုတိယကရဝိကကို ညောင်ရမ်းခေတ်နှောင်း ကရဝိကဟူ၍ ကွဲပြားစွာမှတ်သားနိုင်သည်။ ထိုသို့မဟုတ် တစ်နည်းမှတ်သားလိုလျှင်လည်း လေးထပ်ကျောင်းတည်မော်ကွန်းရေးဖွဲ့ခဲ့သော ပထမကရဝိကကို မော်ကွန်းကရဝိက၊ မင်းလှယဉ်နုပျို့ရေးခဲ့သော ကရဝိကကို ပျို့ကရဝိကဟူ၍ ခွဲခြားမှတ်သားနိုင်သည်။ မြန်မာစာပေသမိုင်းတွင် တွေ့ရသောအမည်တူ စာဆိုတော်များကို ယခုကဲ့သို့ ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်း ရှာဖွေဖော်ထုတ်မှတ်သားထားလျှင် အမည်တူ စာဆိုတော်များ ရောထွေးမှုသည် နည်းပါးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ လေ့လာဖော်ထုတ်ရန်မှာလည်း သုတေသီတို့၏ တာဝန်သာဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှအစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# မြန်မာ့ တပေါင်း

\- ဝေဖူးမဝတဲ့
နွေဦးအလှ ပုရစ်တွေ၊
ရိုးတံအို အဖျားအခက်မှာ
အားဆက်လို့ပေ၊
နွေနေလည်း ပူပါစေ
ဆူဝေတာ ဘယ်မကြောက်၊
ရွက်သစ်တွေ အသွေးနဲ့ဘဝကို
တွေးဆရင်းလျှောက်။

\- နွေရာသီ ဖူးအညှောက်နဲ့
ကူးမြောက်တဲ့ တပေါင်းခါ၊
ဆောင်းရာသီ လမ်းအခွဲမှာ
ဝမ်းမနည်းသာ၊
ရွက်သစ်တွေနဲ့
အချစ်ဆက်လို့ ကြဖြန့်ကာ
ပွဲခံ့စွာ မြန်ပြည်ဟိန်း၊
သဲပုံစေတီ ပွဲမဟာနဲ့
ဆင်နွှဲကာ ကုသိုလ်ပန်းတွေ
လန်းဝင့်လို့ငြိမ်း။

\- တပေါင်းကို ရင်မှာသိမ်း
စဉ်လာထိန်းတဲ့ တို့မြန်ပြေ(ပြည်)၊
မေတ္တာတွေ ဘုံစခန်းမှာ
ခြုံလွှမ်းတဲ့မြေ၊
နွေဦးမှာဖြင့်
ဝေဖူးတဲ့ ရွက်လိုပေ
အခက်ကိုဖြေ အားကိုသစ်၊
နွေကမ္ဘာ တပေါင်းကစလို့
ပြေ(ပြည်)မြန်မာ အကောင်းရဖို့
ပေါင်းမျှဝေ လက်တွဲချိတ်
အို...
ဇွဲစိတ်ကိုနှစ်။ ။

လွမ်းလေးကို(သရက်)

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀၀ ကျော်လာရောက်လည်ပတ်လျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရုံသိဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအနီးတွင်တည်ရှိသည့် မြွေတောင် ခေါ် ငွေတောင်ကမ်းခြေသို့ ဖေဖော်ဝါရီလအတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဧည့်လမ်းညွှန် တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ မြွေတောင် ခေါ် ငွေတောင်ကမ်းခြေသို့ ဇန်နဝါရီလအတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀မှ ၄၀၀ ထိ လာရောက်လည်ပတ်ခဲ့ပြီး လက်ရှိတွင် တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း၊ ထိုသို့လာရောက်လည်ပတ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ခရီးသွားများအပြင် ရန်ကုန်ဘက်မှ ခရီးသွားများအများဆုံး လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"နွေရာသီ ကျောင်းပိတ်ရက်ဖြစ်လို့ ပုံမှန်ရက်တွေထက်ခရီးသွားပိုမိုများပြားနေပါတယ်။ အခုနှစ် ခရီးသွားလာရောက်မှုနှုန်းက သိသိသာသာ တိုးလာပါတယ်။ ခရီးသွားတွေများတော့ ကမ်းခြေကိုအမှီပြုလုပ်ကိုင်နေတဲ့ ဒေသခံတွေအဖို့လဲ အဆင်ပြေပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရုံသိဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ထားပြီးဖြစ်ရာ အဆိုပါစေတီတော်မြတ်ကြီးအနီးရှိ မြွေတောင်ခေါ် ငွေတောင်ကမ်းခြေသို့ ခရီးသွားများ လာရောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း



# ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်မဲ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်လော့ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ချေးငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ပန်လော့ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို အငှမအကြိမ်အဖြစ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၉၂ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# မိုင်းရယ်မြို့နယ် နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မိုင်းရယ် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် နားမွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မျိုးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နားမွန်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက လုပ်ငန်းများသတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားမွန်းကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDPစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နံလာ

# နိုင်ငံတကာ သတင်းများ

## သမ္မတ ရှီကျင့်ဖျင်၏ရုရှားခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင်

**ပေကျင်း ဖေဖော်ဝါရီ ၂၂**

ရုရှားသမ္မတ ပူတင်နှင့်ထိပ်သီး ဆွေးနွေးပွဲတစ်ခုကျင်းပရန် တရုတ်သမ္မတရှီကျင့်ဖျင်သည် လာမည့်လများအတွင်း ရုရှားနိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်းစစ်ပွဲအဆုံးသတ်ရေးအတွက် နိုင်ငံစုံဆွေးနွေးပွဲဖြစ်မြောက်ရေး လုပ်ငန်းစဉ်အရ တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားနိုင်ငံသို့ သွားရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း ဝေါလ်စထရိဂျာနယ်၏ အဆိုအရ သိရသည်။

သမ္မတ ရှီကျင့်ဖျင်အနေဖြင့် လာမည့် ဧပြီလ သို့မဟုတ် မေလအစောပိုင်းတွင် ရုရှားသို့ သွားရောက်ဖွယ်ရှိကြောင်း တရုတ်အစိုးရ သတင်းအရင်းအမြစ်များက ဝေါလ်စထရိဂျာနယ်သို့ ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် သမ္မတ ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စတင်ပြင်ဆင်နေပြီ ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သမ္မတ ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်အချိန်ကာလကို မသတ်မှတ်ရသေးကြောင်း သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

တရုတ် ထိပ်တန်းသံတမန် ဝမ်ယိသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရုရှားနိုင်ငံသို့ရောက်ရှိခဲ့ရာ သမ္မတရှီကျင့်ဖျင်၏ မော်စကိုခရီးစဉ်အတွက် ရုရှားတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း သိရသည်။

KKO



## မဟာဗျူဟာလက်နက်များထိန်းချုပ်ရေးစာချုပ်သစ်၌ပါဝင်မှု ရပ်ဆိုင်းကြောင်း ရုရှားသမ္မတ ပူတင်ကြေညာ



**မော်စကို ဖေဖော်ဝါရီ ၂၂**

မဟာဗျူဟာ လက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ်၌ ပါဝင်မှုကို ရပ်ဆိုင်းခြင်းဖြင့် ရုရှားသမ္မတ ပူတင်သည် ယူကရိန်းပြဿနာအတွက် အနောက်အုပ်စုနိုင်ငံများကို ယနေ့တွင် သတိပေးလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် မဟာဗျူဟာ လက်နက်များထိန်းချုပ်ရေး သဘောတူညီချက်၌ ရုရှားနိုင်ငံပါဝင်မှုကို ရပ်ဆိုင်း၍ မဟာဗျူဟာ လက်နက်စနစ်သစ်များကို စစ်ရေးတာဝန်များ ချပေးထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက် မိန့်ခွန်းတွင် သမ္မတပူတင်က ကြေညာခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းစစ်ဆင်ရေးများ၏ ရည်မှန်းချက်ပန်းတိုင်ကို ရလိမ့်မည်သာဖြစ်ကြောင်း၊ သို့ရာတွင် အနောက်အုပ်စုနိုင်ငံများက ရုရှားနိုင်ငံကို ဖျက်ဆီးရန် ကြိုးစားနေကြကြောင်း သမ္မတပူတင်က ဝေဖန်ခဲ့သည်။

မဟာဗျူဟာ လက်နက်များ ထိန်းချုပ်ရေး စာချုပ်သစ် (New START)သည် ရုရှားနှင့်အမေရိကန်နိုင်ငံတို့ကြား ရယူထားသည့် နောက်ဆုံးလက်ကျန် နျူကလီးယားလက်နက်ထိန်းချုပ်ရေး စာချုပ်ဖြစ်သည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ဖြန့်ကြက်နိုင်သည့် နျူကလီးယား ထိပ်ဖူးအရေအတွက် ကန့်သတ်ပေးထားသော အဆိုပါစာချုပ်ကို ၂၀၁၀ ပြည့်နှစ်တွင် ထိုစဉ်ကာလ အမေရိကန်သမ္မတ အိုဘားမားနှင့် ရုရှားသမ္မတ မက်ဗီဒက်ဗ်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်စုစုပေါင်း၏ ၉၀ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသော နိုင်ငံများဖြစ်ကြောင်း သိရသည်။

KKO

## ဟွန်ဒူးရပ်စ်နိုင်ငံက အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်သက်တမ်းတိုး

**တီဂူစီဂယ်ပါ ဖေဖော်ဝါရီ ၂၂**

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုများထိန်းချုပ်ရေးလုပ်ငန်းစဉ်အရ ဟွန်ဒူးရပ်စ်အစိုးရသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်အဖြစ် သက်တမ်းထပ်တိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ဟွန်ဒူးရပ်စ်အစိုးရသည် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် အာဏာသက်ဝင်မည့်နယ်မြေများကိုလည်း ထပ်မံတိုးချဲ့ခဲ့ကြောင်း သိရသည်။

ဟွန်ဒူးရပ်စ်အစိုးရသည် ရာဇဝတ်ဂိုဏ်းများနှိမ်နင်းရေးအတွက် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၆ ရက်တွင် ကြေညာခဲ့ပြီး ယခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ် သက်တမ်းတိုးခဲ့သည်။

ဟွန်ဒူးရပ်စ်အစိုးရ၏ အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်၌ မူလက အကြီးဆုံးမြို့ကြီးနှစ်မြို့သာ အကျုံးဝင်သော်လည်း ယခုအခါ ပြည်တွင်း မြူနီစီပယ်ဒေသပေါင်း ၁၂၃ ခုအထိ အဆိုပါ အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်အောက်သို့ ရောက်လာပြီဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်အရ ဟွန်ဒူးရပ်စ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်သူ့အခွင့်အရေးအချို့ကို ပယ်ဖျက်ထားပြီး ရာဇဝတ်မှုကျူးလွန်သူ သို့မဟုတ် ရာဇဝတ်မှုများ၌ ပါဝင်ပတ်သက်နေသူများအား ဖမ်းဆီးထိန်းသိမ်းခွင့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အပ်နှင်းထားသည်။

အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်များ ထုတ်ပြန်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၆ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် အကြားကာလတွင်း လူသတ်မှုဖြစ်ပွားနှုန်း ကျဆင်းသွားသည်ဟု ဟွန်ဒူးရပ်စ် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## အီရန်၏ ရီယယ်လ်ငွေတန်ဖိုးအမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက စံချိန်တင်ကျဆင်းခဲ့

**တီဟီရန် ဖေဖော်ဝါရီ ၂၂**

အီရန်နိုင်ငံ၏ ရီယယ်လ်ငွေကြေးစနစ်တန်ဖိုးသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက စံချိန်တင် ကျဆင်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် အီရန်၏ရီယယ်လ်ငွေကြေးတန်ဖိုးသည် အမေရိကန်တစ်ဒေါ်လာလျှင် ရီယယ်လ်ငွေ ၅၀၁၃၀၀ ရီယယ်လ်ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

ငွေတန်ဖိုး ဖောင်းပွမှုနှုန်းမြင့်တက်နေမှုကြောင့် အီရန်နိုင်ငံသားများသည် အမေရိကန်ဒေါ်လာ၊ အခြားငွေကြေးစနစ်များနှင့်ရွှေတို့ကို အဓိကထားဝယ်ယူစုဆောင်းနေကြသည်ဖြစ်ရာ ရီယယ်လ်ငွေကြေးတန်ဖိုး ထပ်မံကျဆင်းနိုင်ကြောင်း ငွေကြေးဈေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် ပြန်လည်ချမှတ်ခဲ့သော စီးပွားရေး အရေးယူ ပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးထိခိုက်နေရပြီး ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း အရေးယူပိတ်ဆို့မှုများ၏ အကျိုးဆက်အဖြစ် အီရန်နိုင်ငံ၏ ရီယယ်လ်ငွေတန်ဖိုးမှာ ၆၀ ရာခိုင်နှုန်းကျဆင်းခဲ့ရသည်။

အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများသည် အီရန်နိုင်ငံ၏ ရေနံတင်ပို့နိုင်စွမ်းနှင့် နိုင်ငံခြားငွေကြေးစနစ်များ ရယူသုံးစွဲနိုင်စွမ်းတို့ကို ကန့်သတ်ထားကြောင်း သိရသည်။

KKO

## ယခုနှစ် ဇန်နဝါရီလအတွင်း တူရကီနိုင်ငံသို့ ဆွစ်ဇာလန်ရွှေသတ္တုတင်ပို့မှုစံချိန်တင်မြင့်တက်

**ဇောဟ္ဟမ်း ဖေဖော်ဝါရီ ၂၂**

ဆွစ်ဇာလန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလအတွင်း တူရကီနိုင်ငံသို့ ဆွစ်ဖရန့်စ်ငွေ ၃ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ) တန်ဖိုးရှိ ရွှေသတ္တုများ တင်ပို့ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။



ယခုနှစ် ဇန်နဝါရီလအတွင်း တူရကီနိုင်ငံသို့ တင်ပို့ခဲ့သော ရွှေသားပမာဏမှာ ၂၀၁၂ ခုနှစ်နောက်ပိုင်း လစဉ်တင်ပို့သည့် ရွှေပမာဏထက် များစွာပိုခဲ့ကြောင်း ဆွစ်ဇာလန်အကောက်ခွန် စာရင်းဇယားများအရ သိရသည်။

တူရကီပြည်တွင်း ငွေကြေးစနစ်ဖြစ်သည့် လိုင်ရာငွေတန်ဖိုးကျဆင်းလာချိန်တွင် တူရကီ၏ရွှေလိုအပ်ချက် မြင့်တက်လာခဲ့ခြင်းကြောင့် ယခုနှစ်ဇန်နဝါရီလအတွင်း တူရကီသို့ ရွှေတင်ပို့မှုစံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဆွစ်ဇာလန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် တစ်နှစ်လုံးဆိုလျှင် ဆွစ်ဇာလန်နိုင်ငံသည် တူရကီနိုင်ငံသို့ ဆွစ်ဖရန့်စ်ငွေ ၁၀ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ရွှေသားတန်ချိန် ၁၈၈ တန်ထိ တင်ပို့ခဲ့ရသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ဆွစ်ဇာလန်နိုင်ငံက တူရကီနိုင်ငံသို့ တင်ပို့ခဲ့သော ရွှေသတ္တုပမာဏမှာ ဆွစ်ဇာလန်၏တစ်လတာစုစုပေါင်း ရွှေတင်ပို့မှု၏ ၄၂ ရာခိုင်နှုန်းနှင့် ညီမျှသည်။

ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး ရွှေသန့်စင်ထုတ်လုပ်မှုလုပ်ငန်းတည်ရှိရာနိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ်-၃၉ အေသို့ ရောက်ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ်-၃၉ အေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် Space-X အာကာသနည်းပညာကုမ္ပဏီတို့သည် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ယူအေအီး အာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၂၄ နာရီခန့်အကြာ ဖေဖော်ဝါရီ ၂၈ ရက်တွင် Crew Dragon အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးမည့် နိုင်ငံတကာအာကာသစခန်းသယ်ယူပို့ဆောင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာအာကာသစခန်း၌ Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်တစ်စင်း ဆိုက်ကပ်ထားဆဲဖြစ်ကြောင်း သိရသည်။

KKO


## သိပ္ပံပညာရှင်များ၏အဆိုအရ ကမ္ဘာကြီး၏အတွင်းဝတ်ဆံအတွင်း၌ သိပ်သည်းဆကြီးမားသည့် အခြားဝတ်ဆံစက်လုံးတစ်လုံးရှိနေ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၂**

ကမ္ဘာကြီးအတွင်းဝတ်ဆံအတွင်း၌ သိပ်သည်းဆကြီးမားသည့် အခြားဝတ်ဆံစက်လုံးတစ်လုံးရှိနေကြောင်း ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါစက်လုံးသည် ကမ္ဘာကြီး၏အတွင်းပိုင်းအကျဆုံး ဝတ်ဆံစက်လုံးဖြစ်နိုင်ကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ အဆိုပါစက်လုံးသည် အချင်းမိုင် ၈၀၀ ထိရှိသော သံသတ္တုလုံးဖြစ်ကြောင်း သိရသည်။



ကမ္ဘာ့အပေါ်ယံကျောက်သားလွှာအောက် မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိပြီး ကမ္ဘာမြေတစ်ခုလုံး၏ ၄၄ ရာခိုင်နှုန်းထိ ဖြန့်ကြက်တည်ရှိနေသော ဘူမိအလွှာသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အဆိုပါအတွင်းအကျဆုံး စက်လုံးကိုပါ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေ၌ သံသတ္တုဖြင့် အဓိကဖွဲ့စည်းထားပြီး အချင်းမိုင် ၁၅၀၀ ခန့်ထိရှိသော အတွင်းဝတ်ဆံခေါ်(Inner Core) စက်လုံး ဝတ်ဆံအပြင် အတွင်းအကျဆုံး (Innermost Core) စက်လုံး ဝတ်ဆံလည်း ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ရှေးယခင်ကပင် သီအိုရီသဘောအရ ခန့်မှန်းထားခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

KKO

## ကြယ်တာရာဟင်းလင်းပြင်အတွင်း ဦးတည်ရာမဲ့မျောလွင့်နေသော မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

ကြယ်တာရာဟင်းလင်းပြင်အတွင်း ဦးတည်ရာမဲ့မျောလွင့်နေသော မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys. Org သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါမဟာအာကာသတွင်းနက် ဖြတ်သန်းမျောလွင့်လာရာ လမ်းကြောင်းတစ်လျှောက်၌ တုန်ခါလှိုင်းများပေါ်ထွက်လာကာ ကြယ်များ ဖွဲ့စည်းဖြစ်ပေါ်လာသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ မဟာအာကာသတွင်းနက်သည် မူလတည်ရှိရာ ကြယ်စုဗဟိုချက်မှ တွန်းထုတ်ခံခဲ့ရသော အာကာသတွင်းနက်ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ကြယ်စုကြီးများ ပေါင်းစည်းမှုကြောင့် အသစ်ပေါ်ထွက်လာသော ကြယ်စုသစ်၏ ကြယ်စုဗဟိုချက်နယ်မြေ၌ မဟာအာကာသတွင်းနက် သုံးခုထိ ပေါ်ထွက်လာတတ်ပြီး တစ်ခုမှာ ကြယ်စုပြင်ပသို့ တွန်းထုတ်ခံရနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၇ ဒသမ ၅ ဘီလီယံအကွာတွင်ရှိသည့် ကြယ်စုတစ်စုကို ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာနေစဉ် ကြယ်စုဗဟိုချက်မှ တွန်းထုတ်ခံခဲ့ရသော မဟာအာကာသတွင်းနက်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမဟာအာကာသတွင်းနက်ကို အလင်းနှစ်ပေါင်း ၂၀၀၀၀၀ ကျော်ရှည်လျားသော အလင်းရောင်တန်းအသွင်ဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သက်လတ်ပိုင်းများလေ့ကျင့်ခန်း မိနစ် ၂၀ တိုးလုပ်ပါက ရောဂါအမျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေလျော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

သက်လတ်ပိုင်းများ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ရာတွင် မိနစ် ၂၀ ထပ်တိုးလုပ်ပါက ရောဂါဘယအမျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေကိုလျှော့ချနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းများအနေဖြင့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ချိန်တွင် မိနစ် ၂၀ မျှ ထပ်တိုးလုပ်ဆောင်ပေးခြင်းဖြင့် လာမည့် ခုနစ်နှစ်အတွင်း ရောဂါဘယတစ်မျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေကို လေးရာခိုင်နှုန်းမှ ၂၃ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အသက် ၄၀ ကျော်ချိန်တွင် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူများမှာ အဆုတ်ရောင်ရောဂါ၊ လေဖြတ်မှု၊ ဆီးချိုနှင့် ဆီးလမ်းကြောင်းကူးစက်ရောဂါများအပါအဝင် ရောဂါအမျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေကျဆင်းနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများသည် ခုခံအားစနစ်၊ အဆုတ်နှင့် နှလုံးကျန်းမာရေးတို့ကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အသက် ၄၂ နှစ်နှင့် ၇၈ နှစ်ကြား လူဦးရေပေါင်း ၈၂၀၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ရောဂါအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေကို လျှော့ချရေးအတွက် သက်လတ်ပိုင်းများအနေဖြင့် နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ရာတွင် မိနစ် ၂၀ မျှအချိန်ထပ်တိုးလုပ်ပေးရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## ကိုဗစ်ရောဂါလက္ခဏာများပျောက်ခဲ့လျှင်ပင် လူနာ၏ ဦးနှောက်ဖွဲ့စည်းလည်ပတ်ပုံအပေါ် အကျိုးသက်ရောက်နိုင်

**ဘာရာဇီးလီးယား ဖေဖော်ဝါရီ ၂၂**

ကိုဗစ်ရောဂါဖြစ်ပွားခဲ့သူများတွင် ရောဂါလက္ခဏာများပျောက်ခဲ့လျှင်ပင် လူနာ၏ဦးနှောက်ဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်ပုံတို့အပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ဘရာဇီးသုတေသနပညာရှင်များ၏အဆိုအရ ရောဂါလက္ခဏာအပျောက်စားသာပြသည့် ကိုဗစ်လူနာများသည် လအတန်ကြာမျှ စိုးရိမ်သောကဝင်ရောက်မှုနှင့် စိတ်ကျဝေဒနာတို့ကို ဆက်လက်ခံစားရတတ်ကြောင်း သိရသည်။

ဘရာဇီးသုတေသနပညာရှင်များသည် ကိုဗစ်ရောဂါ၏ ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် ရောဂါလက္ခဏာပျောက်သည့် ကိုဗစ်လူနာ ၂၅၄ ဦးကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်ရလဒ်များအရ ရောဂါလက္ခဏာ အပျောက်စားများ သာခံစားခဲ့ရပြီးနောက် စိုးရိမ်သောကနှင့် စိတ်ကျဝေဒနာများ ဆက်ခံစားနေရသူ ကိုဗစ်လူနာများ၌ မှတ်ဉာဏ်နှင့် စိတ်ခံစားမှုတို့ကို ထိန်းညှိပေးသော ဦးနှောက်နယ်မြေ ကျုံ့ဝင်နေတတ်သည်ကို တွေ့ရကြောင်း ဘရာဇီးသုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကိုဗစ်ရောဂါဖြစ်ပွားပြီးနောက် စိုးရိမ်သောကဝေဒနာနှင့် စိတ်ကျဝေဒနာများ မခံစားခဲ့ရသူများတွင်မူ ဦးနှောက်၏အထက်ပါနယ်မြေမှာ အပြောင်းအလဲမရှိကြောင်း သိရသည်။

KKO






# Rio Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ မွန်တီရို တက်ရောက်

**ဘရာဇီးလ်းယား ဖေဖော်ဝါရီ ၂၂**

ဘရာဇီးနိုင်ငံတွင် ကျင်းပနေသည့် Rio Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဩစတြီးယား အဆင့်(၁) တင်းနစ်ကစားသမားဒိုမီနစ်သမ်နှင့်ဘရာဇီး တင်းနစ်ကစားသမား မွန်တီရိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်တီရိုက (၆-၁၊ ၃-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Rio Open တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသည့် ဒိုမီနစ်သမ်အတွက် ပထမအဆင့်တွင် ရှုံးနိမ့်ခဲ့ရခြင်းမှာ စိတ်ပျက်စရာအခြေအနေ ဖြစ်ခဲ့ရသည်။

ဒိုမီနစ်သမ်သည် ၂၀၂၂ ခုနှစ်တွင် ဒဏ်ရာပြဿနာဖြင့် လုံးပန်းနေခဲ့ရသည့်အတွက် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရပြီး ယခင်ကမ္ဘာ့အဆင့် (၃) နေရာမှ လက်ရှိကမ္ဘာ့အဆင့် (၉၆) နေရာထိကျဆင်းခဲ့ရသည်။

ဒိုမီနစ်သမ်သည် ၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကိုလည်း လွဲချော်ခဲ့ရသူဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့တွင် ကျင်းပခဲ့သော အာဂျင်တီးနားအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

မွန်တီရိုအား ရှုံးနိမ့်ခဲ့ရသည့် ဒိုမီနစ်သမ်က "ပထမအဆင့်မှာ ကစားနိုင်ခဲ့တဲ့ပုံစံကိုစိတ်ပျက်မိသလို ကိုယ့်ကိုယ်ကိုယ်လဲ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရတယ်။ ဗျူနို့စ်အေရိစ်မှာကစားခဲ့တဲ့ပုံစံထက်တော့ နည်းနည်းပိုကောင်းခဲ့တယ်။ ဒါပေမဲ့လဲ အမှားလဲများခဲ့တယ်။ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ဖို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်စရာတွေ အများကြီးရှိနေတယ်။ ပုံစံမှန်ပြန်ရဖို့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေ ပိုလုပ်ဖို့ လိုအပ်လာပြီ။ ပုံမှန်စွမ်းဆောင်ရည် ပြန်ရဖို့အတွက် အဖြေရှာသွားရမယ်။ အခုလို ပုံမှန်လက်စွမ်းအောက်ရောက်ခဲ့တဲ့ အဓိကအကြောင်းရင်းကတော့ ပြီးခဲ့တဲ့နှစ်မှာ ရင်ဆိုင်ခဲ့ရတဲ့ ဒဏ်ရာပြဿနာကြောင့်ပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) တွင် ရတနာပုံအက်ဖ်စီနှင့် ကချင်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁) အဖြစ် ယနေ့ညနေပိုင်းက YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့်ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ကစားခဲ့သည့် ကချင်ယူနိုက်တက်အသင်းကလည်း အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် အခက်တွေ့ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်း ပွဲချိန်အတွင်း ဂိုးသွင်းခွင့်များနှင့်ပင်နယ်တီအခွင့်အရေးပါ ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ရတနာပုံအက်ဖ်စီ အသင်းအတွက် နစ်နာခဲ့ရပြီး သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရတနာပုံအက်ဖ်စီအသင်းနည်းပြ ဦးအောင်ကျော်မိုးက "ပင်နယ်တီလွဲချော်ခဲ့တာအတွက်တော့ ဘာမှမပြောလိုပါဘူး။ လေ့ကျင့်ရေးကွင်းမှာတော့ သိုင်းဘွဲ့အောင်က ပင်နယ်တီအကောင်းဆုံး ကစားသမားပါ။ နိုင်ပွဲတစ်ပွဲရရှိဖို့ဆိုရင်တော့ အတွေ့အကြုံပိုင်းအများကြီးလိုအပ်ပါတယ်။ ဒီနေ့ပွဲမှာ အဆုံးသတ်ပိုင်းက တော်တော်လေး အားနည်းပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁)နောက်ဆုံးပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မြဝတီအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဂျီအက်ဖ်အေအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဆူဇန်ပက်တာဆန် တာဝန်ယူမည်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၂**

ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်သည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည့် 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဆူဇန်ပက်တာဆန်ကို ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၁ နှစ်အရွယ် ဆူဇန်ပက်တာဆန်သည် 2023 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်းကိုလည်း အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်သလို ၂၀၂၄ ခုနှစ်အတွက်လည်း ဆူဇန်ပက်တာဆန်အား ထပ်မံခန့်အပ်လိုက်ကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

2023 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာလတွင် စပိန်နိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆူဇန်ပက်တာဆန်က ဥရောပအသင်းအတွက် အောင်မြင်မှုများဆွတ်ခူးပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။

ဆူဇန်ပက်တာဆန်က "Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်မနှစ်သက်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် စပိန်မှာ ယှဉ်ပြိုင်သွားမဲ့ 2023 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာဥရောပအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရထားတယ်။ ဥရောပအသင်းအား ဦးဆောင်ခွင့်ရမှာကို ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ၂၀၂၄ ခုနှစ် အမေရိကန်နိုင်ငံမှာ ကျင်းပမဲ့ 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားဖို့ ကမ်းလှမ်းလာခဲ့တယ်။ ဒါဟာ ကျွန်မဘဝအတွက် ဂုဏ်အယူရဆုံး ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကစားသမားဘဝကုန်ဆုံးရန် ဆုံးဖြတ်ထားကြောင်း ဗင်နီစီးယက်စ် ပြောကြား

**မက်ဒရစ် ဖေဖော်ဝါရီ ၂၂**

ရီးရဲလ်မက်ဒရစ် အသင်းက လီဗာပူးအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဗင်နီစီးယက်စ်က ၎င်း၏ ကစားသမားဘဝကို ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကုန်ဆုံးရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် လူငယ်တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်းအသင်းအနေဖြင့် လုပ်ခလစာတိုးမြှင့်ကာ လာမည့် ၂၀၂၈ ခုနှစ်ထိ ကာလရှည်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိထားသကဲ့သို့ ၎င်းကိုယ်တိုင်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားသမားဘဝအနားယူသည်ထိ ကစားသွားရန် ဆုံးဖြတ်ခဲ့သည်။

ဗင်နီစီးယက်စ်သည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် နည်းပြအန်ဆယ်လော့တီ၏ အဓိကတိုက်စစ်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ပွဲအစပိုင်းတွင် လီဗာပူးအသင်း၏ ဦးဆောင်ဂိုး နှစ်ဂိုးဖြင့် ဖိအားပေးခံနေရသော်လည်း ပွဲချိန် ၂၁ မိနစ်နှင့် ပွဲချိန် ၃၆ မိနစ်တွင် ဗင်နီစီးယက်စ်က အသင်းအတွက် ချေပဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သကဲ့သို့ ဒုတိယပိုင်းတွင်လည်း ဘင်ဇီမား၏ သွင်းဂိုးကို ဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးခဲ့ကာ အသင်းအား ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။



အသက်၂၂နှစ်ရှိ ဗင်နီစီးယက်စ်သည် ၂၀၁၈ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး လူငယ်အသင်းနှင့် ငါးပွဲကစားခဲ့ပြီးနောက် အသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့်မရရှိသေးဘဲ နည်းပြအန်ဆယ်လော့တီ ကိုင်တွယ်ပြီးနောက် ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုး ၂၁ ဂိုးထိသွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ကာလရှည်စာချုပ်ချုပ်ဆိုရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။


ML


## အားကစားသတင်း အတိုအထွာများ

- စပိန်ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က အသက် ၁၈ နှစ်ရှိ လီဗာပူးကွင်းလယ်ကစားသမား ဘာဆီတစ်ခ်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။
- နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်တွင် အရှေ့တောင်အာရှဗီယက်နမ်အသင်းက အမေရိကန်၊ နယ်သာလန်၊ ပေါ်တူဂီအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။
- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် နည်းပြကလော့ပ်နှင့် လီဗာပူးအသင်းတို့၏ အနာဂတ်မှာ မရေမရာမှုများရှိလာကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးအာဖရိက ကစားသမားအဖြစ် ရပ်တည်နေသည့် ဒရော့ဘာ၏စံချိန်ကို ဆာလာဟ်လိုက်မီ





**လန်ဒန် ဖေဖော်ဝါရီ ၂၂**

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ(၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး အာဖရိက ကစားသမားအဖြစ် ရပ်တည်နေသည့်ဒရော့ဘာ၏စံချိန်ကို လိုက်မီနိုင်ခဲ့သည်ဟု Livescore.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းက အိမ်ကွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းကို ၄း၂ဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်က ပွဲချိန် ၁၄ မိနစ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား ကော့တွိုက်၏အမှားမှ တစ်ဆင့် အသင်းအတွက် ဒုတိယ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဒရော့ဘာ၏ မှတ်တမ်းကောင်း တစ်ရပ်ကို လိုက်မီနိုင်ခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဒရော့ဘာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ချဲလ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၄၄ ဂိုး သွင်းယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံး အာဖရိက ကစားသမားအဖြစ် နှစ်အတန်ကြာ ရပ်တည်နေခြင်းကို ယခုအခါ ဆာလာဟ်က လိုက်မီနိုင်ခဲ့ပြီး ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆာလာဟ်သည် ရီးရဲလ်မက်ဒရစ်အသင်း အိမ်ကွင်းတွင် ကစားမည့် ဒုတိယအကျော့ပွဲစဉ်တွင်လည်း သွင်းဂိုး ထပ်မံသွင်းယူနိုင်မည်ဆိုပါက ဒရော့ဘာ၏စံချိန်ကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

# ရီးရဲလ်မက်ဒရစ်နှင့် ကစားရမည့် ကိုပါဒယ်ရေးဖလားပွဲစဉ်ကို ဒမ်ဘီလီလွဲချော်မည်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၂**

တောင်ပံကစားသမား ဒမ်ဘီလီသည် ပေါင်ကြွက်သားဒဏ်ရာ သက်သာလာခြင်းမရှိသဖြင့် မတ် ၂ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည့် စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်ဟု bar-cablarugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒမ်ဘီလီသည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက်က ကစားခဲ့သည့် ဂျီရိုနာအသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်ရန် ကြံ့ခိုင်မှုမပြည့်ဝသေးသောကြောင့် လာမည့် မတ် ၂ ရက်တွင် ကစားရမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပွဲစဉ်အပါအဝင် မတ် ၅ ရက်တွင်ကစားရမည့် ဗလင်စီယာအသင်းနှင့် အမှတ်ပေးပွဲစဉ်ကိုပါ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် ၎င်းအနေဖြင့် မတ် ၁၂ ရက်တွင် ဘီလ်ဘာအိုအသင်းနှင့် ကစားရမည့် အမှတ်ပေးပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်သည့်အပြင် ဧပြီ ၆ ရက်တွင် ကစားရမည့် စပိန်ကိုပါဒယ်ရေးဖလား ဒုတိယအကျော့ကို ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ တောင်ပံကစားသမား ဒမ်ဘီလီသည် ၂၀၁၇ ခုနှစ်က ဒေါ့မွန်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၇၉ ပွဲတွင် သွင်းဂိုး ၄၀ ထိသွင်းယူနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ နည်းပြဇာဗီလက်ထက်တွင်လည်း ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံတွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံနေရကြောင်း သိရသည်။ ML



# အမျိုးသမီးစူပါဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်း မေယာက ခရစ္စတီးနားနှင့်ထိုးသတ်မည်ဟု ပြောကြား

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၂**

WBO၊ IBF အမျိုးသမီး စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း မေယာသည် ကမ္ဘာ့ချန်ပီယံခါးပတ်များအား ဆုံးရှုံးခဲ့ရပြီးနောက် ဝယ်သာဝိတ်တန်းသို့ ပြောင်းရွှေ့ထိုးသတ်မည်ဖြစ်ပြီး WBOဝယ်သာဝိတ်တန်းယာယီချန်ပီယံ ခရစ္စတီးနားနှင့် လာမည့်ဧပြီ ၁၅ ရက်တွင် အင်္ဂလန်နိုင်ငံလန်ဒန်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း မေယာက ထုတ်ဖော်ပြောကြားခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လက်ဝှေ့မယ် မေယာသည် ၂၀၁၇ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီး စိန်ခေါ်ပွဲ ၁၇ ပွဲထိုးသတ်ခဲ့ကာ ရှုံးပွဲတစ်ပွဲသာရှိခဲ့သည်။

မေယာသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် WBO၊ IBF အမျိုးသမီး စူပါဖယ်သာဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံဆုကို အမေရိကန်လက်ဝှေ့မယ်တစ်ဦးပင်ဖြစ်သည့် ဘောင်ဂတ်နာအား အမှတ်ဖြင့် ရှုံးနိမ့်ကာကမ္ဘာ့ချန်ပီယံဆုများအား ဆုံးရှုံးခဲ့ရသည်။

ဖယ်သာဝိတ်တန်း၏ ယာယီချန်ပီယံဖြစ်သူ ဂရိလက်ဝှေ့မယ် ခရစ္စတီးနားသည် ဝယ်သာဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသူဖြစ်သော်လည်း မေယာ၏ စိန်ခေါ်မှုကိုလက်ခံခဲ့ပြီး ကမ္ဘာ့ချန်ပီယံအတွက် မေယာဖြင့် ထိုးသတ်ပြီးမှသာ ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေယာက "ခရစ္စတီးနားဟာ အတင်းဝင် အတင်းထွက်ပုံစံနဲ့ ထိုးသတ်တတ်တဲ့ လက်ဝှေ့မယ်တစ်ဦးဖြစ်ပါတယ်။ ခရစ္စတီးနားဟာ ထိပ်တန်းလက်ဝှေ့မယ်တစ်ဦးဖြစ်ပါတယ်။ ဝယ်သာဝိတ်တန်းရဲ့ ယာယီချန်ပီယံတစ်ဦးလဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စိန်ခေါ်ပွဲတွေ ထိုးသတ်ဖို့ ပြိုင်ဘက်ရွေးချယ်ရာမှာ ထိပ်တန်းပြိုင်ဘက်တွေကိုပဲ ရွေးချယ်ချင်တယ်။ ဒါကြောင့်လဲ ခရစ္စတီးနားကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆုံးရှုံးထားရတဲ့အတွက် စိတ်ဓာတ်ကျနေပေမဲ့လဲ အောင်မြင်မှုတွေ ပြန်လည် ဆွတ်ခူးနိုင်ဖို့အတွက် စိတ်ဓာတ်ပြင်းပြနေတယ်"ဟု ပြောကြားခဲ့သည်။

ခရစ္စတီးနားသည် လိုက်ဝယ်သာဝိတ်တန်းလောကတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို နှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ၁၆ ပွဲထိုးသတ်ထားကာ နိုင်ပွဲ ၁၄ ပွဲရရှိပြီး ရှုံးပွဲတစ်ပွဲသာ ရှိကြောင်း သိရသည်။ AZL

# ဒဏ်ရာသက်သာလာသည့်ကန်တီ အသင်းနှင့် ပြန်လည်ပူးပေါင်း၍ လေ့ကျင့်ခန်းများစတင်လုပ်ဆောင်

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကန်တီသည် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းကာ စခန်းသွင်း လေ့ကျင့်မှုများစတင်လုပ်ဆောင်နေပြီဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁နှစ်ရှိ ကန်တီသည် ၂၀၁၆ ခုနှစ်က လက်စတာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ဘောလုံးရာသီတိုင်းတွင်အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏ အနားယူနေခဲ့ရသူဖြစ်သည်။

ကန်တီသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲသာပါဝင်ကစားနိုင်ခဲ့ပြီး ပြီးခဲ့သည့်၂၀၂၂ခုနှစ် ဩဂုတ် ၁၅ ရက်က ကစားခဲ့သည့် စပါး အသင်းနှင့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက် ကာလရှည်အနားယူနေခဲ့သူဖြစ်ပြီး ယခုအခါမှသာ ပြန်လည်သက်သာလာခဲ့သည့်အတွက် အသင်းလိုက် လေ့ကျင့်ခန်းများ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကန်တီသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်ပြိုင်ပွဲစုံ ၃၁ ပွဲထိ လွဲချော်ထားပြီး ယခုအခါ အသင်းလိုက်လေ့ကျင့်ခန်းများပင် စတင် လုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကစားမည့် စပါးအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။ STA

# ဂိုးသမားမာတီနက်ဇ်ကိုရောင်းချမည်ဟု အေဗီလာထုတ်ပြန်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၂**

အေဗီလာအသင်းသည်လာမည့် နှစ်ဘောလုံးရာသီတွင် အသင်းအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ဘဏ္ဍာရေးလိုအပ်ချက်ရှိနေသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆု ရယူနိုင်ခဲ့သည့် ဂိုးသမားမာတီနက်ဇ်ကို ရောင်းချရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမား မာတီနက်ဇ်သည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအတွက် အပိုင်အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သည့်အပြင် ပင်နယ်တီအဆုံးအဖြတ်တွင်လည်းကာကွယ်မှုများပြုလုပ်ကာ အသင်းအားကမ္ဘာ့ဖလားချန်ပီယံဆု ရယူပေးနိုင်ခဲ့သဖြင့် အကောင်းဆုံးဂိုးသမားဆုကို ရရှိခဲ့ပြီးနောက် ဥရောပကလပ်အသင်းကြီးများ၏ ကမ်းလှမ်းမှုကို ရရှိထားသောကြောင့် အေဗီလာအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မာတီနက်ဇ်သည် အေဗီလာအသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆို၍ တစ်ပတ်လုပ်ခစတာလင်ပေါင် ၁၀၀၀၀၀ ဖြင့် အသင်း၏လုပ်ခလစာအများဆုံးကစားသမားအဖြစ် ရပ်တည်နေသော်လည်း ၎င်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့်ကလပ်အသင်းတစ်ခုခုသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည့်အပြင် အသင်းတာဝန်ရှိသူများကလည်း အသုံးစရိတ်လျှော့ချရန်အတွက် ၎င်းကို ရောင်းချရန် စီစဉ်နေခြင်းဖြစ်သည်။

မာတီနက်ဇ်သည် ယခုနှစ် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင်လည်း Clean sheet လေးကြိမ်ရရှိအောင် စွမ်းဆောင်၍ ပင်နယ်တီတစ်ကြိမ် ကာကွယ်မှု ပြုလုပ်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ ML

## ယူရိုပါလိဂ်ပြိုင်ပွဲ (၃၂) သင်းအဆင့် ဒု-အကျော့ ပွဲကြိုသုံးသပ်ချက်

ML

**မန်ယူ Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၃ (ညနက် ၀၂း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ဘာစီလိုနာ ၂ - ၂ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | - | **ဝေး(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |
| **ဘာစီလိုနာ** | - | **ဝေး(နိုင်)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

မန်ယူအသင်းဟာ ပထမအကျော့အဝေးကွင်းမှာ နှစ်ဂိုးစီသရေကစားနိုင်ခဲ့သလို လက်ရှိ အိမ်ကွင်းကစားပုံတည်ငြိမ်နေပြီး ၁၈ ပွဲဆက်ရှုံးပွဲမရှိသေးတာကိုတွေ့ရမှာပါ။ ဘာစီလိုနာကတော့ အဓိက ကစားသမားတွေ ဒဏ်ရာရနေသလို အဝေးကွင်းခံစစ်ပိုင်းက ပေးဂိုးများနေတာဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၁ ဘာစီလိုနာ**

# ကြိုတင်သတိပြုကြဖွယ် သဘာဝဘေးအန္တရာယ်များ

မောင်သောင်းဝင်း(တမန်ဟောင်း)



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် တူရကီနှင့် ဆီးရီးယားနယ်စပ်၌ ပြင်းအား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိသည့် ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့သည်။ လူသားတို့အိပ်မောကျနေချိန်တွင် အင်အားပြင်းထန်သောငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သည့်အတွက် ပြိုကျသွားသောအဆောက်အအုံများအောက်တွင် လူအများအပြားရောက်ရှိသွားသည်။ ဖေဖော်ဝါရီ ၁၈ ရက်ထိ သေဆုံးသူ ၄၆၀၀၀ ကျော်ရှိသွားပြီဟု သိရသည်။ မိသားစုဝင်များဆုံးရှုံးခဲ့ရသူများအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း တူရကီနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှုအများဆုံး သဘာဝဘေးအန္တရာယ်ပင်ဖြစ်သည်။ နောက်ဆက်တွဲငလျင် ၁၂၀၀ ကျော်လည်း လှုပ်ခတ်ခဲ့သည်ဟုဆိုသည်။ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကို လူသားတို့အန်တုနိုင်စွမ်းရှိမည်မဟုတ်ချေ။

**ကြိုတင်ခန့်မှန်းရန်ခက်ခဲ**

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့်ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလွှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ရောဂါအသစ်အဆန်းများကျရောက်ခြင်းစသည့်အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်ကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားနိုင်သည်။

သဘာဝဘေးအန္တရာယ်များအနက် မြေငလျင်သည် ကြိုတင်ခန့်မှန်းရခက်ခဲသည်။ မြေငလျင်ဗဟိုချက်သည် ကမ္ဘာ့အပေါ်ယံမျက်နှာပြင်တွင် နီးကပ်စွာတည်ရှိနေမည်ဆိုလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားနိုင်သည်။ တချို့သောငလျင်များသည် ပမာဏကြီးမားသော်လည်း နက်ရှိုင်းသောမြေအောက်တွင် ဗဟိုပြုသောကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမားမဖြစ်ပွားချေ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များအနက် ငလျင်အန္တရာယ်သည် ရှောင်တိမ်းရန်အခက်အခဲဆုံးအန္တရာယ်ပင်ဖြစ်သည်။

**အချိန်နှင့်ငွေကြေးများစွာကုန်ကျ**

သဘာဝဘေးအန္တရာယ် မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။ လူမနေသောနေရာများတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များကို သဘာဝဘေးဟုမခေါ်ဆိုနိုင်ပေ။ ဆိုလိုသည်မှာ လူမနေသောကျွန်းတစ်ကျွန်း ရေမြုပ်သွားသည်ကို သဘာဝဘေးဟုယူဆ၍မရပေ။ လူနေထူထပ်သောနေရာတစ်ခု ရေမြုပ်သွားပြီဆိုလျှင် သေကျေပျက်စီးဆုံးရှုံးမှုများ များပြားမည်ဖြစ်သည်။ ထို့ကြောင့် ထိုဒေသကို သဘာဝဘေးအန္တရာယ်သင့်ဒေသအဖြစ် သတ်မှတ်ကြရသည်။

ဆူနာမီလှိုင်းလုံးများကြောင့် ဆားငန်ရေဖုံးလွှမ်းခံရသည့်လယ်ကွင်းများကို ကာလအတန်ကြာပြုပြင်ပြီးမှသာ ပြန်လည်စိုက်ပျိုးနိုင်သည်။ ထိုနည်းတူစွာ ငလျင်ဒဏ်ကြောင့်ပြိုလဲခဲ့သော လူနေအိမ်ရာများနှင့် အခြေခံအဆောက်အအုံများကိုလည်း အချိန်နှင့်ငွေကြေးများစွာအကုန်အကျခံပြီးမှသာ ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသောကြောင့် နေ့စဉ် လူနေမှုဘဝသည် များစွာခက်ခဲကြမ်းတမ်းလှပေသည်။ ဘေးအန္တရာယ်၏ နောက်ဆက်တွဲရောဂါများကိုလည်း ခံစားကြရသည်။

**ဆက်လက်ခြိမ်းခြောက်နေဆဲ**

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်ခတ်မှုများ၊ အင်အားပြင်းထန်သောလေမုန်တိုင်းကြီးများ တိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ တချို့သောဒေသများတွင် မုန်တိုင်းဒဏ်ခံသောအဆောက်အအုံများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။

သိပ္ပံပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ မိုးလေဝသပညာရှင်များနှင့် မုန်တိုင်းစောင့်ကြည့်လေ့လာသူများသည် ကြီးမားသောသဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းရန် အခက်တွေ့လျက်ရှိကြသည်။ ခေတ်မီနည်းပညာများဖြင့် မုန်တိုင်းများ၊ နှင်းမုန်တိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် မိုးလေဝသနှင့်ဆက်စပ်သော အခြားသဘာဝဘေးများကိုသာ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ကြသည်။ သို့သော် မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။

**သေဆုံးမှုများပြားခဲ့**

ကမ္ဘာ့သမိုင်းတွင် လူအသေအပျောက်များခဲ့သော သဘာဝဘေးအန္တရာယ်ကြီးများ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ထိုအထဲတွင် ငလျင်လှုပ်ခတ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူ ၁၀ သန်းခန့်သေဆုံးခဲ့သည်ဟုဆိုသည်။ ၎င်းတို့အနက် အချို့ကို လူငယ်များသိရှိနိုင်ရန် တင်ပြသွားလိုပါသည်-

**(၁) တရုတ်နိုင်ငံအလယ်ပိုင်းရေကြီးရေလျှံမှု**

သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကြီးဖြစ်သည့် တရုတ်နိုင်ငံအလယ်ပိုင်းဒေသရေလွှမ်းမိုးမှုကြီးကို ၁၉၃၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လထိကြုံတွေ့ခံစားခဲ့ရသည်။ ထိုအချိန်က ယန်စီမြစ်ရေလျှံမှုကြောင်း ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ရေနစ်မှု၊ ရောဂါဘယထူပြောမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် လူဦးရေ ၃ ဒသမ ၇ သန်းခန့်သေဆုံးခဲ့သည်။ ထို့ပြင် လူဦးရေ ၅၁ သန်းကျော်သည် ထိုရေလွှမ်းမိုးမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားခဲ့ရသည်ဟုဆိုသည်။

**(၂) မြစ်ဝါမြစ်ရေလွှမ်းမိုးမှု**

မြစ်ဝါမြစ်ရေလွှမ်းမိုးမှုကြီးသည် လူ့သမိုင်းတွင် အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုကြီးဖြစ်သည့်အပြင် ဒုတိယမြောက်အသေအပျောက်အများဆုံး သဘာဝဘေးအန္တရာယ်ကြီးလည်းဖြစ်သည်။ ၁၈၈၇ ခုနှစ် စက်တင်ဘာလတွင် မြစ်ဝါမြစ်ရေသည် ဟီနန်ပြည်နယ်ရှိ ရေကာတာများကို ကျော်လွန်လွှမ်းမိုးလျှံတက်ခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် မြို့ကြီး ၁၁ မြို့နှင့် ကျေးရွာပေါင်းများစွာ ရေနစ်မြုပ်ခဲ့သဖြင့် သန်းပေါင်းများစွာသောပြည်သူများ အိမ်ခြေရာမဲ့ဖြစ်ခဲ့ရသည်။ ရေလွှမ်းဧရိယာသည် ၅၀၀၀၀ စတုရန်းကီလိုမီတာထိရှိခဲ့သည်။ လူဦးရေ ၉၀၀၀၀ မှ ၂၀၀၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။

**(၃) ရှန်စီးပြည်နယ်မြေငလျင်**

၁၅၅၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တရုတ်နိုင်ငံမြောက်ပိုင်း၊ ရှန်စီးပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အသေအပျောက်များသော မြေငလျင်လှုပ်ခတ်မှုဖြစ်သည်။ ရစ်ချ်တာစကေး ၈ အဆင့်ထိရှိပြီး လူဦးရေ ၈၃၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။

**(၄) ဘိုလာ (Bhola) ဆိုင်ကလုန်းမုန်တိုင်း**

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသ(လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ)နှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်များသို့ ဘိုလာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းကြောင့် မြေနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမိုးခဲ့သည်။ လူဦးရေ ၅၀၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။

**(၅) အိန္ဒိယဆိုင်ကလုန်းမုန်တိုင်း**

၁၈၃၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ကော်ရင်ဂါဆိပ်ကမ်းသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းကြောင့် ပေ ၄၀ ခန့်မြင့်မားသော လှိုင်းလုံးကြီးများတက်လာပြီးနောက် ကျေးရွာပေါင်းများစွာနှင့် သင်္ဘောများကို ဝါးမျိုသွားခဲ့သည်။ လူဦးရေ ၂၀၀၀၀ ခန့်သည် ပင်လယ်ပြင်တွင်ပျောက်ပါသေဆုံးခဲ့ရပြီး စုစုပေါင်းလူဦးရေ ၃၀၀၀၀၀ ခန့်သေဆုံးခဲ့ရသည်။

**(၆) အိန္ဒိယသမုဒ္ဒရာမြေငလျင်နှင့် ဆူနာမီလှိုင်း**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူမတြာပြည်နယ်၏ အနောက်ဘက်ကမ်းခြေအလွန်ပင်လယ်ကြမ်းပြင်ကိုဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၉ ဒသမ ၃ အဆင့်ရှိသော ငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။ ငလျင်ကြောင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများစွာရှိ ကမ်းခြေဒေသများကို ဆူနာမီလှိုင်းလုံးကြီးများ ရိုက်ခတ်ခဲ့သည်။ အဆိုပါ ငလျင်နှင့် ဆူနာမီကြောင့် လူဦးရေ ၂၂၅၀၀၀ မှ ၂၃၀၂၁၀ သေဆုံးခဲ့ရသည်။

**သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာ**

ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်မျိုးစုံ ကျရောက်လျက်ရှိသည်။ ထိုဘေးအန္တရာယ်များတွင် လူသားတို့အန်တုနိုင်စွမ်းမရှိသော မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်းနှင့် ဆူနာမီလှိုင်းရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းအပါအဝင် ဆေးမကုနိုင်သည့်ရောဂါမျိုးစုံသည်လည်း ထူပြောစွာဖြစ်ပွားလာလျက်ရှိသည်။ ထိုဆိုးကျိုးများသည် အသိဉာဏ်ရှိသောလူသားများ၏လုပ်ရပ်ကြောင့်ပင်ဖြစ်သည်။

အချို့သော သဘာဝဘေးအန္တရာယ်များသည် လူတို့၏ပယောဂနှင့်မကင်းချေ။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စက်မှုလုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် အကျိုးဖြစ်ထွန်းမှုများစွာရှိစေသလို အခြားတစ်ဖက်တွင်လည်း ဆုတ်ယုတ်မှုများရှိလာစေသည်။ ထိုဆုတ်ယုတ်မှုများတွင် သစ်တောသယံဇာတများ ပြုန်းတီးလာခြင်း၊ စားကျက်မြေများ၊ မြစ်၊ချောင်း၊ အင်း၊ အိုင်များ တိမ်ကောပျက်စီးလာမှုတို့အပါအဝင် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပွားလာခြင်းနှင့် ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လာခြင်းတို့ပင်ဖြစ်သည်။ ထိုသို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ၏ ဆင့်ကဲအကျိုးဆက်များကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်လာမှုနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာရပါသည်။

**သဘာဝဘေးအန္တရာယ်သတိပြုသွားစေလို**

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့ခံစားနေကြရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းသည် ကမ္ဘာကြီးပူနွေးလာသောကြောင့်ဖြစ်သည်။ လူသားတို့၏လောဘကြောင့် သစ်တောများပြုန်းတီးလာရသည်။ သစ်ပင်၊ သစ်တောများသည် ဂေဟစနစ်ထိန်းသိမ်းရာတွင် အခြေခံအကျဆုံးသောအရင်းအမြစ်များဖြစ်သည်။ ထို့ကြောင့် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ လျှော့ချရေးတို့အတွက် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားသင့်ပေသည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာပင်များပြားလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များအနက် မြေငလျင်သည် ကြိုတင်ခန့်မှန်းရခက်ခဲသည်။ မြေငလျင်ဗဟိုချက်သည် ကမ္ဘာ့အပေါ်ယံမျက်နှာပြင်တွင် နီးကပ်စွာတည်ရှိနေမည်ဆိုလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပိုမိုများပြားနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို ဆိုးရွားစွာထိခိုက်စေနိုင်မည့်လုပ်ရပ်မှန်သမျှကို ဆင်ခြင်ပြီး အချိန်မီပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာကြီးကို ချစ်ခင်စွာ အချိန်မီစောင့်ရှောက်ပြုပြင်ထိန်းသိမ်းမှုမရှိလျှင် အနာဂတ်တွင် လူသားများသည် အမျိုးမျိုးသောသဘာဝဘေးအန္တရာယ်များနှင့် မလွဲမသွေရင်ဆိုင်ကြရမည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။

# လှိုင်မြို့နယ် Royal Hlaing Art Studio & Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ Classical Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ Royal Hlaing Art Studio & Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ Classical Art အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မှ ဖေဖော်ဝါရီ ၂၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ အောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ Classical Art အွန်လိုင်းပန်းချီပြပွဲတွင် ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ စတားမြသန်း၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ မောင်မောင်သိုက်၊ ပန်းချီမောင်မောင်မြင့်အောင်တို့၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် လက်ရာစုံပန်းချီကား ၂၅ ကားကို စုစည်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖေဖော်ဝါရီ ၂၃ ရက်မှာပြသမဲ့ ပန်းချီပြပွဲမှာတော့ ပန်းချီကား ၂၅ ကား ပါဝင်မှာဖြစ်ပါတယ်။ ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးတွေဖြစ်ကြတဲ့ ပန်းချီ စတားမြသန်း၊ ပန်းချီကြည်သိန်း၊ ပန်းချီမောင်မောင်သိုက် စသူတို့ရဲ့ လက်ရာပန်းချီကားတွေကိုလဲ ရှုမြင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးတွေရဲ့ နောက်ဆုံးလက်ရာတွေကို အတတ်နိုင်ဆုံးရအောင် စုစည်းထားပါတယ်"ဟု ပန်းချီ အောင်သက်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

# Evil Dead Rise ဇာတ်ကား ပြသချိန် ၉၆ မိနစ်ထိ ရှိလိမ့်မည်ဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

Ghost House ရုပ်ရှင်ကုမ္ပဏီ၏ Evil Dead Rise ဇာတ်ကား ပြသချိန်စုစုပေါင်းသည် ၉၆ မိနစ်ထိ ရှိလိမ့်မည်ဖြစ်ကြောင်း Dead-line သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

မူလ Evil Dead ဇာတ်ကားများနှင့် နှိုင်းယှဉ်ကြည့်ပါက The Evil Dead (1981) ဇာတ်ကားမှာ ပြသချိန် ၈၅ မိနစ်၊ Evil Dead II ဇာတ်ကားမှာ ၅၄ မိနစ်၊ Army of Darkness ဇာတ်ကားမှာ ၈၁ မိနစ်နှင့် Evil Dead (2013) ဇာတ်ကားမှာ ပြသချိန် ၉၁ မိနစ် အသီးသီးရှိခဲ့သည်။

Evil Dead Rise ဇာတ်ကားကို စာရေးဆရာဒါရိုက်တာ လီကရိုးနင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အယ်လီဆာဆူသာလန်းနှင့် လီလီဆူလန်ဗန်တို့က အဓိကဇာတ်ကောင်နေရာများ၌ ပါဝင်ထားသည်။

Evil Dead Rise ဇာတ်ကားကို ယခုနှစ် ဧပြီ ၂၁ ရက်တွင် ရုံတင်ပြသရန် Ghost House ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO




# သရုပ်ဆောင် ဒါရိုက်တာ သီဟတင်စိုး နှလုံးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သရုပ်ဆောင် ဒါရိုက်တာ သီဟတင်စိုးသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ စံပြဆေးရုံကြီးတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ဒါရိုက်တာ သီဟတင်စိုးသည် နှလုံးရောဂါဝေဒနာရှင်တစ်ဦးဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၅၅ နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၀၀ ကျော်တွင် သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ငရဲသားအမည်ရှိ ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ နိုင်ငံတော်က ချီးမြှင့်သည့် အနုပညာထူးချွန်တံဆိပ်(ဒုတိယ ဆင့်)တို့ကို ဆွတ်ခူးရရှိထားသူဖြစ်ကြောင်း သိရသည်။



"သရုပ်ဆောင် ဒါရိုက်တာ သီဟတင်စိုး ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းမှာ နှလုံးရောဂါဖောက်လာတဲ့အတွက် သယ်န်းကျွန်း စံပြဆေးရုံမှာ ကွယ်လွန်သွားတာဖြစ်ပါတယ်။ ရုပ်ရှင်လောကအတွက်တော့ ဆုံးရှုံးမှုတစ်ခုလို့ ပြောလိုပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

သရုပ်ဆောင် ဒါရိုက်တာ သီဟတင်စိုး၏ဇနီးဖြစ်သူ သရုပ်ဆောင်ဇင်မာဦးသည် ၂၀၂၁ ခုနှစ် မတ်လက အဆုတ်ကင်ဆာဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး သားတစ်ဦးနှင့် သမီးတစ်ဦးတို့ ကျန်ရစ်ခဲ့ကြောင်း သိရသည်။

ASH

# Relay ဇာတ်ကား၌ မင်းသား ရစ်အာမက်နှင့် မင်းသမီး လီလီဂျိမ်းတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

Black Bear Picture ရုပ်ရှင်ကုမ္ပဏီ၏ Relay အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ရစ်အာမက်နှင့် မင်းသမီး လီလီဂျိမ်းတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Relay ဇာတ်ကားသည် အကျင့်ပျက်စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုခြိမ်းခြောက်လာသူများကြား ကြားဝင်ညှိနှိုင်းရာ၌ အထူးကျွမ်းကျင်သူတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်မက္ကင်ဇီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Relay ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဒါရိုက်တာ ဒေးဗစ်မက္ကင်ဇီက ဇာတ်ညွှန်းရေးဆရာ ဂျပ်စတင်းပီယာဆက်ကီနှင့် ပူးတွဲရေးသားထားသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် ဧပြီလအတွင်း နယူးယောက်နှင့် နယူးဂျာစီပြည်နယ်တို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Relay ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Black Bear Picture ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# ပင်လယ်ပြာပြာ မိုးပြာပြာ ရုပ်သံဇာတ်လမ်းတွဲ မတ်လတွင် ရိုက်ကူးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပင်လယ်ပြာပြာ မိုးပြာပြာ မြန်မာရုပ်သံ ဇာတ်လမ်းတွဲကို မတ်လတွင် ဂေါ်ရင်ဂျီကျွန်းပင်လယ်ကမ်းခြေ၌ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးမည့် ဒါရိုက်တာ ဟိန်းစိုးက ပြောပြ၍ သိရသည်။



ပင်လယ်ပြာပြာ မိုးပြာပြာ မြန်မာရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၏ဝတ္ထုကို ဇာတ်လမ်းဇာတ်ညွှန်း ရည်မွန်အောင်က ရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဟိန်းစိုးက ရိုက်ကူးမည်ဖြစ်ကြောင်း၊ ရွှေပြည်နန်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူး ထုတ်လုပ်သွားမည်ဖြစ်ကာ Fortune tv ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်ခေတ်တစ်ခါက ထင်ရှားခဲ့တဲ့ စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်ရဲ့ဝတ္ထုကို ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေက ရွာကလေးတစ်ရွာကို ဇာတ်အိမ်တည်ထားတဲ့အတွက် နာမည်ကျော်ပြီး လူသိများတဲ့ ဂေါ်ရင်ဂျီကျွန်းပင်လယ်ကမ်းခြေမှာ ဇာတ်အိမ်တည်ပြီး အများဆုံးရိုက်ကူးမှာဖြစ်ပါတယ်။ မတ်လထဲမှာ ရိုက်ကူးရေးစပါမယ်"ဟု ဒါရိုက်တာဟိန်းစိုးက ပြောပြသည်။

ပင်လယ်ပြာပြာ မိုးပြာပြာရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အောင်ရဲချမ်း၊ မေမီကိုကို၊ အင်ကြင်းထူးတို့က ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ဇာတ်ပို့သရုပ်ဆောင်များအဖြစ် မင်းသူ၊ နေဆန်း၊ ဝေလု၊ ဟိန်းဇေ၊ နေဗလု၊ ခင်ဇာခြည်ကျော်၊ ဝင်းမင်းသန်း၊ သာသာတို့က အားဖြည့်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Final match and prize-presentation ceremony of education degree colleges men's champion football trophy for academic year 2022-2023 held; SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win presented prizes



SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win presents cash award to Hpa-an Education Degree College team.

**Nay Pyi Taw February 22**

The final match and prize-presentation ceremony of education degree colleges men's champion football trophy for academic year 2022-2023 was held at Wunnatheikdi Stadium in Nay Pyi Taw this afternoon. Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win watched the final match and presents prizes to winners.

Present together with the Vice-Senior General were SAC members, Union ministers, the Nay Pyi Taw Council chairman, senior military officers, deputy ministers, and faculty members and students and athletes of universities and degree colleges in regions and states.

First, the Vice-Senior General and attendees watched the final match between Meiktila Education Degree College and Hpa-an Education Degree College.

The two finalists exerted all-out efforts and put pressure on each other. In the 13th minute, No. 17 of Hpa-an Degree College team scored a neat opener, but Meiktila Degree College team equalized through a penalty in the 45th minute. The first-half ended in a one-one draw.

In the second half, Hpa-an Degree College scored its second goal from a free kick in the 60th minute. But the Meiktila Degree College equalized again in the 72nd minute. Hpa-an Degree College scored the winning goal in the 90th minute of the final and won the trophy with a 3-2 win.

At the prize-presentation ceremony, SAC member U Yan Kyaw presented the best goalkeeper award and cash award to Saw Lu Min Aung of Hpa-an Education Degree College, SAC member U Khun San Lwin, best defender award and cash award to Myo Lin Aung of Magway Education Degree College, SAC member Dr Kyaw Htun, best midfielder award and cash award to Ye Thway of Hpa-an Education Degree College, SAC member U Maung Ko, Best Forwarder Award and cash award to Cho Tu of Meiktila Education Degree College, and SAC member Mahn Nyein Maung, Best Player Award and cash award to Saw Tu Tu Bi of Hpa-an Education Degree College.

SAC members Porel Aung Thein, Lt-Gen Yar Pyae and Admiral Tin Aung San presented individual medals and cash awards to third-prize winner Magway Education Degree College, second-prize winner Meiktila Education Degree College, and first-prize winner Hpa-an Education Degree College respectively.

Vice-Senior General Soe Win then presented a cash award and championship trophy to Hpa-an Education Degree College.

After the ceremony, the Vice-Senior General and attendees cordially greeted athletes.

The football match was held with the goal to fully support the work of ensuring health and fitness and education promotion of the entire country and to serve as the source for the emergence of new generation athletes reliable for the nation in accord with the social objectives. Universities men's football championship trophy matches will be held at Wunnatheikdi Stadium in Nay Pyi Taw on 28 February. 100



Vice-Senior General Soe Win shakes hands with footballers.



SAC member U Yan Kyaw presents best goalkeeper award to Saw Lu Min Aung.



SAC member U Khun San Lwin presents best defender award to Myo Lin Aung.



SAC member Dr Kyaw Htun presents best midfielder award to Ye Thway.

# Hsedawgyi Dam irrigates more than 67,000 acres of summer paddy in 2022-23 FY


Photo shows part of Hsedawgyi Dam.

**Mandalay February 22**

Hsedawgyi Dam is fully supplying water to 67,513 acres of summer paddy in Mandalay Region in 2022-23 fiscal year, according to the Mandalay Region Department of Irrigation and Water Utilization Management.

"Farmers need to efficiently use the irrigation water for their farmlands. The dam has so far store 324,000 acre feet of water till 414 feet deep of the embankment, 296,900 acre feet of water can be supplied to the farmlands. At present, local farmers started cultivation of summer paddy with the full supply of irrigation water," he added.

The dam irrigates 42,225 targeted acres of summer paddy in Madaya Township, 44 acres in Chanmyathazi Township, 19,066 acres in Patheingyi Township and 6,178 acres in Amarapura Township, totalling 67,513. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Export of beans earn more than US$1,100 million till 10 February 2023

**Nay Pyi Taw February 22**

The Ministry of Commerce stated that more than K1,100 million was earned in export of pulses and beans, most of which were black bean, green gram and pigeon pea up to 10 February 2023 of the 2022-23 fiscal year.

During the period from 1 April 2022 to 10 February 2023, more than 20 items of beans were sent to customer countries, earning US$1.149 billion.

In this regard, export of beans pocketed US$1,015.333 million in shipping and US$134.302 million through land border.

In so doing, sales of black bean bagged US$475.437 million in shipping and US$8.613 million on land border, totalling US$484.05 million. Green gram was exported for earning US$274.451 million in shipping and US$78.704 million through land border, totalling US$353.155 million.

Likewise, pigeon pea exportation secured US$142.183 million in maritime trade route and US$0.252 million on land border, totalling US$142.435 million.

Among these beans, horse gram exportation was the least. It was exported in shipping to earn US$0.065 million. 336


Various kinds of beans for sale at a market.

# Plan to exceed the target of exporting rice and broken rice in 2022-23 FY

**Nay Pyi Taw February 22**

The Myanmar Rice Federation stated that a plan is underway to exceed exportation of rice and broken rice in the 2022-23 fiscal year.

Exportation of rice and broken rice among agricultural produce is the reliable for the State.

Myanmar sends its rice and broken rice to some 50 customer countries. In 2020-21 fiscal year, rice and broken rice worth US$1.876 million was exported to earn US$700.132 million compared to 1.382 million tons of rice and broken rice worth US$444.283 million in the six-month mini budget period of the 2021-22 FY.

This FY 2022-23, plans are underway to send 2 million tons of rice and broken rice to the foreign countries.

Two months ahead of the ending the financial year 2022-23, a total of 1.9 million tons of rice and broken rice were sent to the foreign countries.

Such kinds of stocks will be sent to the customer countries in remaining period.

In this regard, a plan is underway to sell out 0.15 million tons of rice and broke rice in February and 0.3 million tons in March.

The Ministry of Commerce, Myanmar Rice Federation and relevant organizations are seeking the new market of rice and broken rice. At present, rice and broken rice are being sent to Bangladesh through G to G pact. 336


Bags of rice stockpiled in a warehouse.

# Cooperative sector participates in implementation of State economic promotion plan

**Nay Pyi Taw February 22**

The Ministry of Cooperatives and Rural Development stated that the cooperative sector participates in implementation of the State economic promotion plan.

The State economic promotion fund was set up for improvement of socio-economic life of the people and for enhancement of the State economic sector.

The Ministry of Agriculture, Livestock and Irrigation will take responsibilities for green gram and summer paddy cultivation sector whereas region and state governments will supervise functions of relevant farmer groups, cooperative societies and purchasers and millers.

The State economic promotion fund has allotted US$100 billion to be spent on operating cooperative measures under the regional authorities.

In so doing, a total of 7,173 members from 158 cooperative societies in eight regions and states and three self-administered zones/division will operate agriculture and livestock farms, contract faming process, one village-one product scheme, rice mills and oil mills.

To do so, a plan is underway to spend K11.679 billion on operating these businesses. Upon completion, cooperative societies will own 15 oil mills.

If so, each oil mill will produce some 400 viss of cooking oil, totalling some 6,000 viss of oil per day in order to meet the local oil demand to some extent. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Nord Stream ဖောက်ခွဲဖျက်ဆီးမှုတွင် အမေရိကန်ပါဝင်ခြင်းမရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်တုံ့ပြန်



အမေရိကန်နိုင်ငံ စုံစမ်းစစ်ဆေးရေး သတင်းထောက် Seymour Hersh ၏ အစီရင်ခံစာအပြီးတွင် ပင်တဂွန်စစ်ဌာန ချုပ်ပြောရေးဆိုခွင့်ရှိသူ John Kirby က Nord Stream ဖောက်ခွဲဖျက်ဆီးမှုတွင် ပေါက်ကွဲမှုများ ပါဝင်ခြင်းမရှိကြောင်း တုံ့ပြန်ငြင်းဆိုခဲ့သည်။

ပြီးခဲ့သည့်နှစ်က Nord Stream ဓာတ်ငွေ့ပိုက်လိုင်းများကို ဆိုးရွားစွာပျက်စီးစေခဲ့သော ဖောက်ခွဲဖျက်ဆီးမှုတွင် အမေရိကန်နိုင်ငံ ပါဝင်ခဲ့ခြင်းမရှိကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီမှ John Kirby က Fox News သတင်းဌာနကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့များကို ဘောလ်တစ်ပင်လယ်ကိုဖြတ်၍ ဂျာမနီနိုင်ငံသို့ပို့ဆောင်ပေးသည့် အခြေခံအဆောက်အအုံများအပေါ် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်က တိုက်ခိုက်မှု၏ နောက်ကွယ်တွင် အိမ်ဖြူတော်ရှိနေခဲ့သည်ဟု စွပ်စွဲခဲ့သည့် ပူလစ်ဇာဆုရ အမေရိကန်သတင်းထောက် Seymour Hersh ၏ ဖေဖော်ဝါရီလအစီရင်ခံစာကို ကိုးကားပြီး "ဒါဟာ လုံးဝကိုမှားယွင်းတဲ့ဇာတ်လမ်းပါပဲ"ဟု Kirby က တုံ့ပြန်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက် အစီရင်ခံစာတွင် Hersh က ပိုက်လိုင်းများကိုဖြိုခွင်းရန် အမေရိကန်နှင့် နော်ဝေနိုင်ငံတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်းအပေါ် အခြေအနေအရပ်ရပ်ကိုသိရှိထားသည့် အမည်မသိ သတင်းရင်းမြစ်ကိုကိုးကား၍ ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ရပ်သည် ရုရှားနှင့် ယူကရိန်း ပဋိပက္ခတစ်လျှောက်လုံး ယူကရိန်းကို စစ်ရေးနှင့် ငွေကြေးပံ့ပိုးမှုပေးနိုင်စေရန် ဂျာမနီကိုတွန်းအားပေးသည့် အနေဖြင့် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း Hersh က စွပ်စွဲထားသည်။

Hersh ၏ စွပ်စွဲချက်များကို Kirby က ငြင်းဆိုလိုက်ခြင်းသည် တရုတ်နိုင်ငံက ပိုက်လိုင်းပေါက်ကွဲမှုများတွင် အမေရိကန်နိုင်ငံ၏ အခန်းကဏ္ဍဖြစ်နိုင်ခြေကို မေးခွန်းထုတ်လာပြီးနောက် ရက်ပိုင်းအတွင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

Hersh ၏ ထုတ်ဖော်ပြောဆိုမှုအပြီးတွင် Nord Stream ပေါက်ကွဲမှုကို စုံစမ်းမေးမြန်းရန် အမေရိကန်က လေသံဘာကြောင့် ပြောင်းလဲခဲ့ရသနည်းဟု တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Wang Wenbin က ဖေဖော်ဝါရီ ၁၇ ရက်တွင် မေးခွန်းထုတ်ခဲ့သည်။

ရုရှားအောက်လွှတ်တော် State Duma သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဓာတ်ငွေ့ပိုက်လိုင်းများကို ဗုံးခွဲဖျက်ဆီးခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုဖွင့်နိုင်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ အယူခံဝင်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။ ရုရှားသည် ပိုက်လိုင်း တိုက်ခိုက်မှုများအကြောင်း ဆွေးနွေးရန် ဖေဖော်ဝါရီ ၂၂ ရက်တွင် လုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပရန် တောင်းဆိုထားသည်။

**US responds to Nord Stream sabotage allegations ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတွင် ဇီဝလက်နက်ဖန်တီးမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသား ၁၀ ဦးကို ရုရှားစစ်ဆေး

ရုရှားနိုင်ငံသည် ယူကရိန်းပိုင်နက်တွင် ဇီဝလက်နက်ဖန်တီးမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသား ၁၀ ဦးနှင့် ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိအချို့ ပါဝင်ခြင်းရှိ၊ မရှိကို စစ်ဆေးနေကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီ အကြီးအကဲ Alexander Bastrykin က TASS အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်း၏ဗက်တီးရီးယား(ဇီဝဗေဒ)နှင့် အဆိပ်သင့်လက်နက်များနှင့် ၎င်းတို့၏ ဖျက်ဆီးခြင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုနှင့် သိုလှောင်မှုတားမြစ်ရေးသဘောတူစာချုပ်ကို ချိုးဖောက်ခြင်းနှင့်ပတ်သက်၍ အထောက်အထား၊ စာရွက်စာတမ်းများ ဆက်လက်စုဆောင်းနေဆဲဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာအမေရိကန်နိုင်ငံသား ၁၀ ယောက်နဲ့ ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနအရာရှိအချို့ဟာ ရည်ရွယ်ချက်ရှိရှိနဲ့ နှစ်မျိုးသုံး ဇီဝဗေဒပရိုဂရမ်တွေမှာ ပါဝင်ပတ်သက်မှုရှိ၊ မရှိ စစ်ဆေးနေပါတယ်"ဟု ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီ အကြီးအကဲ Alexander Bastrykin က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လက ရုရှားစစ်ဘက်၏ ဓာတ်ရောင်ခြည်၊ ဓာတုနှင့်ဇီဝဗေဒ ကာကွယ်ရေးတပ်ဖွဲ့အကြီးအကဲ Igor Kirillov က အစီရင်ခံစာတစ်စောင် တင်ပြခဲ့သည်။ ၎င်းတွင် ယူကရိန်းပိုင်နက်အတွင်း သုတေသနပိုးမွှားများ သန့်ရှင်းရေးနှင့် ကူးစက်ရောဂါဆိုင်ရာဇီဝဓာတ်ခွဲခန်းပေါင်း ၃၀ ကျော်၏ ကွန်ရက်တစ်ခုကို ဖန်တီးခဲ့ကြောင်း သိရသည်။ အစီရင်ခံစာအရ အမေရိကန်နိုင်ငံကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုလျှော့ချရေးအေဂျင်စီ (DTRA)က ၎င်းလုပ်ငန်းကို စီမံခန့်ခွဲလုပ်ဆောင်ရန် အမိန့်ပေးညွှန်ကြားခဲ့သည်ဟုဆိုသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အစီရင်ခံစာရေးသားသူများက ကိုရိုနာဗိုင်းရပ်ကူးစက်မှုကို စမ်းသပ်ကုသခြင်းနှင့် ကာကွယ်ခြင်း၏ အကြောင်းပြချက်အောက်တွင် လူနာများ၏ သွေးရည်ကြည်နမူနာထောင်ပေါင်းများစွာကို ယူကရိန်းက အမေရိကန်ရှိ Walter Reed Army Institute of Research သို့ ယူဆောင်သွားခဲ့သည်ဟု သိရသည်။




**Russia's top investigator eyes 10 US citizens for creating bio-weapons in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ချေချင်းသမ္မတနိုင်ငံခေါင်းဆောင်က ပုဂ္ဂလိကစစ်ဘက်ဆိုင်ရာအဖွဲ့(PMC)ထူထောင်ရန် အလေးအနက်ထားစီစဉ်နေ



ရုရှားနိုင်ငံ၏ ချေချင်းသမ္မတနိုင်ငံ ခေါင်းဆောင် Ramzan Kadyrov က နိုင်ငံ့ဝန်ထမ်းရာထူးမှ နုတ်ထွက်ပြီးသည်နှင့် ပုဂ္ဂလိကစစ်ဘက်ဆိုင်ရာအဖွဲ့ (PMC) တစ်ခုကို ထူထောင်ရန် အလေးအနက်ထား စီစဉ်နေကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က Telegram ပို့စ်တွင် ပြောကြားခဲ့သည်။

ရုရှားစီးပွားရေးလုပ်ငန်းရှင် Evgeny Prigozhin တည်ထောင်ထားသော Wagner Group ၏ ယူကရိန်းတွင် အောင်မြင်သော လုပ်ဆောင်မှုများသည် ပုဂ္ဂလိကစစ်ဘက်ဆိုင်ရာအဖွဲ့(PMC)များ လိုအပ်လျက်ရှိကြောင်း သတင်းစကားအတွက် အတည်ပြုပေးနိုင်ခဲ့ကြောင်း Kadyrov က ထပ်လောင်းပြောကြားခဲ့သည်။

ပုဂ္ဂလိကစစ်ဘက်ဆိုင်ရာအဖွဲ့တစ်ခုသည် အလွန်အထင်ကြီးစရာကောင်းသော ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ယူကရိန်းတွင် Wagner Group ၏ ထိရောက်သောစစ်ဆင်ရေးများကို ရည်ညွှန်းကာ Kadyrov က ပြောကြားခဲ့ခြင်းဖြစ်သည်။ PMC ၏ ချေမှုန်းရေးတပ်မဟာများသည် ရည်မှန်းချက်တာဝန်အပေါ် ခွန်အားစိုက်ထုတ်၍ မဆုတ်မနစ် ထမ်းဆောင်ရမည်လည်းဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ဇန်နဝါရီလတွင် ရုရှားနှင့် ယူကရိန်းကြား ပဋိပက္ခများကြားတွင် Wagner Group မှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် Donbass ဒေသရှိ အဓိကကျသော Soledar မြို့ကို သိမ်းပိုက်ရာတွင် များစွာအရေးပါခဲ့သည်။ အောင်မြင်သော ထိုးစစ်ဆင်မှုအပြီးတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏ရဲရင့်မှုနှင့် ကိုယ်ကျိုးမဖက်သောလုပ်ရပ်များကိုချီးကျူးခဲ့သည်။ PMC မှ ချေမှုန်းရေးတပ်ဖွဲ့များသည် ကာကွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်မရသေးမီ Soledar မြို့ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ပထမဆုံး ထုတ်ဖော်ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

Kadyrov ၏အဆိုအရ ချေချင်းတိုက်ခိုက်ရေးသမားများသည် Wagner Group ၏ စွမ်းရည်များကိုကောင်းစွာသိရှိထားကြသည်ဟုဆိုသည်။ ချေချင်းအထူးတပ်ဖွဲ့ယူနစ် Akhmat သည် ရုရှား၏အထူးစစ်ဆင်ရေးအစောပိုင်းကာလများကတည်းက ပုဂ္ဂလိကစစ်ဘက်ကုမ္ပဏီနှင့် ဘေးချင်းယှဉ်တိုက်ပွဲဝင်နေခဲ့သည်ဟု ချေချင်းသမ္မတနိုင်ငံခေါင်းဆောင်က ပြောကြားခဲ့သည်။

Wagner Group သည် ၎င်း၏ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရာတွင် ထိရောက်စွာ၊ ပြတ်ပြတ်သားသားလုပ်ဆောင်နိုင်စွမ်းအပေါ် သက်သေပြခဲ့ပြီး ပုဂ္ဂလိကစစ်ဘက်အဖွဲ့များကို ပိတ်ပစ်ရန်လိုအပ်ကြောင်း ငြင်းခုံမှုများအားလုံးကို ယူဆောင်လာခဲ့ကြောင်း ချေချင်းသမ္မတနိုင်ငံခေါင်းဆောင်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။ ထိုကဲ့သို့သော ပရော်ဖက်ရှင်နယ်အဖွဲ့အစည်းများသည် လိုအပ်နေသည်ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

**Chechen leader wants own private military company ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လိုက်ခရိုင်တွင် ပန်းနှမ်းနှင့် မုန်ညင်း ၆၁၇၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့် မုန်ညင်း ၆၁၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့် မုန်ညင်း ဧက ၆၂၁၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပန်းနှမ်း ၃၇၃၃ ဧကနှင့်မုန်ညင်း ၂၄၄၂ ဧက စုစုပေါင်း ၆၁၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့မုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြတယ်။ ပန်းနှမ်းနဲ့မုန်ညင်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြတယ်။ ဒီနှစ် ဆောင်းကာလမှာ ပန်းနှမ်းနဲ့မုန်ညင်း ဧက ၆၂၁၀ စိုက်ပျိုးဖို့လျာထားစိုက်ပျိုးတာ လက်ရှိ ၆၁၇၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးထားရှိမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ပန်းနှမ်း ၁၅၉၉ ဧက၊ မုန်ညင်း ၄၅၅ ဧကနှင့်ဖောင်းပြင်မြို့နယ်တွင် ပန်းနှမ်း ၂၁၃၄ ဧက၊ မုန်ညင်း ၁၉၈၇ ဧက စုစုပေါင်းပန်းနှမ်း ၃၇၃၃ ဧကနှင့် မုန်ညင်း ၂၄၄၂ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းနှင့် မုန်ညင်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ပန်းနှမ်း ၁၆၁၀ ဧက၊ မုန်ညင်း ၄၆၄ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ပန်းနှမ်း ၂၁၄၄ ဧက၊ မုန်ညင်း ၁၉၉၂ ဧက စုစုပေါင်း ပန်းနှမ်း ၃၇၅၄ ဧကနှင့် မုန်ညင်း ၂၄၅၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ပန်းနှမ်းနှင့် မုန်ညင်းစိုက်ပျိုးမှုအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းနှင့်မုန်ညင်းစိုက်ပျိုးမှုကို ကသာနှင့် ကောလင်းခရိုင်တို့တွင် အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

(၂၀၆)

# ဟိုပုန်းမြို့နယ် ဂနိုင်ထုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်အွန့်ကျေးရွာအုပ်စု ဂနိုင်ထုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဂနိုင်ထုံကျေးရွာရှိ ရပ်မိရပ်ဖများ၊ စီမံကိန်းအဖွဲ့ဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊



ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဂနိုင်ထုံကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၁၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် ဂနိုင်ထုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ဟိုပန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟိုပန် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်မြို့နယ် နောင်မိုကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လွင်လွင်မာ၊ မြို့နယ်စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၅၀၅ သိန်းဖြင့် ဟိုပန်မြို့နယ် နောင်မိုကျေးရွာအုပ်စု ပန်လော့ကျေးရွာနှင့် ဟိုပင်ကျိုင်းကျေးရွာတို့၌ စပါး၊ ပြောင်းနှင့်တိုင်ထောင်ပဲ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ချေးငွေဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကြီးကြပ်ရေးကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလိုက်လံရှင်းလင်းပြသရာ တင်ပြချက်များအပေါ်တွင် ဦးစီးအရာရှိက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟိုပန်မြို့နယ် နောင်မိုကျေးရွာအုပ်စု ပန်လော့ကျေးရွာနှင့် ဟိုပင်ကျိုင်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊အသင်းသူ ၅၁ ဦးထံသို့ ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က ထုတ်ချေးပေးခဲ့ကြောင်း၊ အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် စပါး၊ပြောင်း၊ တိုင်ထောင်ပဲစိုက်ပျိုးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း ဟိုပန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၂-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |

**(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟားခါးမြို့ရှိ မြို့မိမြို့ဖများနှင့် တပ်နယ်မိသားစုဝင်များ၊ ကလေးမြို့ရှိ ကလေး၊ ကျီကုန်းတပ်နယ် မိသားစုဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သီးခြားစီတွေ့ဆုံ၊ ကလေးမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမွန့်ထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များ၊မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းပရိက္ခရာ၊ နဝကမ္မအလှူငွေ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဟားခါးမြို့နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိစစ်သည်မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများကို ဂုဏ်ပြုချီးမြှင့်ငွေများ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက်တက်ရောက်လာသော အရာရှိစစ်သည်မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ကလေးမြို့သို့ရောက်ရှိကြပြီး ကလေးမြို့နယ်မြေခံတပ်နယ် အောင်ဆန်းခန်းမ၌ ကလေးနှင့် ကျီကုန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။



ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

၎င်းနောက် ကလေးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကလေးနှင့် ကျီကုန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# သံတွဲမြို့ရှိ THANTWE MARINE PRODUCTS ကုမ္ပဏီ၏ ငါးအအေးခန်းနှင့် ရေခဲစက်ရုံကို ကြည့်ရှုစစ်ဆေး၊ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၈) ရပ်ကွက်ရှိ THANTWE MARINE PRODUCTS ကုမ္ပဏီ၏ ငါးအအေးခန်းစက်ရုံနှင့်ရေခဲစက်ရုံကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဦးစွာ THANTWE MARINE PRODUCTS ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာက ကုမ္ပဏီပိုင် ငါး၊ ပုစွန်ဖမ်းသင်္ဘောများဖြင့် သဘာဝပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါး၊ ပုစွန်၊ ကဏန်းပျော့များကို အအေးခန်းစက်ရုံသို့ တင်ပို့သိုလှောင်ထုပ်ပိုးထားရှိမှု၊အခြားပုစွန်ဖမ်းသင်္ဘောများမှ ပုစွန်များဝယ်ယူ၍ ကုန်ချောထုတ်လုပ်ပြီး Export ပြုလုပ်နေမှု၊ ရေသန့်ရေခဲစက် ထုတ်လုပ်ထွက်ရှိမှုနှင့် ထုတ်လုပ်ရရှိသည့် ရေခဲများကိုဖြန့်ဖြူးပေးလျက်ရှိမှု၊တောင်ကုတ်မြို့နယ် အဘောကျေးရွာ၌ ကဏန်းပျော့မွေးမြူရေးကောင်ရေ ၇၀၀၀၀၀ ခန့်မွေးမြူဆောင်ရွက်ထားရှိမှု၊ငါး၊ပုစွန်၊ဂဏန်းပျော့ကုန်ချောများကို ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချမှု၊ ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးထားနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အအေးခန်းစက်ရုံအတွင်း ငါး၊ ပုစွန်၊ ကဏန်းပျော့ထုပ်ပိုးသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များမှာကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့ THANTWE MARINE PRODUCTS ကုမ္ပဏီ၏ ငါးအအေးခန်းစက်ရုံနှင့် ရေခဲစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**



# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၂၃)ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃)တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**သည်လည်းကောင်း၊နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ဒီမိုကရေစီပါတီသစ်(ကချင်)**[New Democracy Party (Kachin)][N.D.P(Kachin)]နှင့်**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** တို့သည် လည်းကောင်း ဥပဒေ၊နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ယနေ့တွင်လာရောက်လျှောက်ထားခဲ့သဖြင့်တည်ထောင်ခွင့်နှင့်မှတ်ပုံတင်ခွင့်ပြုနိုင်ရေးပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော"(၅၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပတ်ဝန်းကျင်အာဆင်းနစ်အဆိပ်သင့်မှုကြောင့် ယင်းဒေသတွင် နေထိုင်သူများ၌တွေ့ရှိရသည့်ရေတို၊ရေရှည်ဘေးထွက်ဆိုးကျိုးများကိုကျန်းမာရေးအသိပညာပေးရန်အရေးပါပုံ၊အာဆင်းနစ်ပါဝင်သောရေကို ကာလရှည်သောက်သုံးထားသည့်ကိုယ်ဝန်ဆောင်မိခင်များမှ မွေးဖွားလာသောကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုကိုလေ့လာထားရှိသည့်သုတေသနရလဒ်များနှင့် သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှုပမာဏလျော့ကျစေအောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများအကြောင်းသိကောင်းစရာများကို တင်ပြဆွေးနွေးကြမည့် "Myanmar-Japan Joint Symposium (2023): Health Hazards of Environmental Arsenic Poisoning- ပတ်ဝန်းကျင်ရှိ အာဆင်းနစ်အဆိပ်သင့်မှုကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များနှင့်ပတ်သက်သောပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ"ကို ကျင်းပသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် Myanmar Institute of Strategic and International Studies, Ministry of Foreign Affairs မှ ဝါရင့်အကြံပေးအဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်နှင့် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Yoshitaka Hishikawaတို့ကဆောင်ရွက်ကြပြီး သဘာပတိဒေါက်တာခင်မောင်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Dr Yoshiki Kuroda က "အာဆင်းနစ်ပမာဏ ၅၀ ပီပီဘီထက်များသော ရေကိုသောက်သုံးသည့် ကိုယ်ဝန်ဆောင်မိခင်များမှ မွေးဖွားလာသောကလေးများ၏ ကြီးထွားမှုကိုလေ့လာခြင်း"ကိုလည်းကောင်း၊ University of Miyazaki, Assistant Professor Yasunori Yano က "သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်လျော့ချသည့်နည်းလမ်းအမျိုးမျိုး"ကို လည်းကောင်း၊ University of Miyazaki မှ Professor Dr Masahiro Amano က "ဂျပန်နိုင်ငံအာဆင်းနစ်များသော တိုရိုကုဒေသတွင် နေထိုင်သောသူများ၏အာဆင်းနစ်အဆိပ်သင့်မှုကိုလေ့လာခြင်း"ကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဖြူဖြူက "အာဆင်းနစ်များသော ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းဒေသရှိ နေထိုင်သူများ၏ ရေမှတစ်ဆင့်အာဆင်းနစ်အဆိပ်သင့်မှု ရှိ၊ မရှိလေ့လာခြင်းနှင့် သောက်သုံးရေတွင်အာဆင်းနစ်ဓာတ်လျော့ချသည့်နည်းလမ်းကို လေ့လာသောသုတေသန"ကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားရောဂါအထူးကုဌာနမှ ပါမောက္ခ၊ဌာနမှူး ဒေါက်တာခိုင်ခိုင်ဇော်က "ခရုသင်းရောဂါလူနာများတွင် တွေ့ရသော အာဆင်းနစ်ကြောင့်ဖြစ်သည့်အရေပြားကင်ဆာရောဂါကိုလေ့လာခြင်း" ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်က"အာဆင်းနစ်အဆိပ်သင့်စေသောရေများကို အများပြည်သူများသောက်သုံးမှုမှ လျော့ချပေးနိုင်သောနည်းလမ်းများကို လေ့လာခြင်း"ကိုလည်းကောင်း သုတေသနတွေ့ရှိချက်များနှင့်တကွ ရှေ့ဆောင်ရွက်မည့်အစီအစဉ်တို့ကိုဆွေးနွေးတင်ပြကြသည်။

အဆိုပါပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ သုတေသီများဦးရေ ၁၅၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ သုတေသနစာတမ်း စုစုပေါင်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ပထမပိုင်းတွင် စာတမ်းဖတ်ပွဲ သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာမေပြုံးကျော်၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာမြတ်မွန်ခိုင်တို့က ဆောင်ရွက်ကြသည်။

ဒုတိယပိုင်းတွင် စာတမ်းဖတ်ပွဲသဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာနွယ်မာထွန်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မေသင်းတို့က ဆောင်ရွက်ခဲ့ကြပြီး စာတမ်းဖတ်ပွဲများသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက စာတမ်းရှင်များကို မေးမြန်းဆွေးနွေးအကြံပြုကြသည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၄ ရက်ထိ ငါးရက်တာ ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှွေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး (Martial Law)အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၈ / ၂၀၂၃**
၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် ရှွေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်တို့၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အများပြည်သူထံသို့ အသိပေးပန်ကြားချက်

- မြန်မာနိုင်ငံကူးလက်မှတ်များကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍ www.passport.gov.mm website မှ Online Booking စနစ်သစ်ဖြင့် ကိုယ်တိုင်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။
- Online Booking စနစ်ကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)၌သာ ကျင့်သုံးမည်ဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးများရှိ ရုံးခွဲများ၌ ယခင်လျှောက်ထားမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- Online Booking ရယူရာတွင် အချိန်အကန့်အသတ်မရှိဘဲ အလွယ်တကူလျှောက်ထားနိုင်ပြီး ကုန်ကျစရိတ်ကို သတ်မှတ်နှုန်းထားအတိုင်း တစ်ပါတည်းပေးချေရမည်ဖြစ်ပါသည်။
- Online Booking လျှောက်ထားရန် အခက်အခဲရှိသူများအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းများတွင် အကူအညီတောင်းခံ၍ လျှောက်ထားနိုင်ပါသည်။
- မည်သူမဆိုလွယ်ကူစွာလျှောက်ထားနိုင်ရန် စီစဉ်ထားရှိပြီး ကြားခံပွဲစားများဖြင့် အခကြေးငွေပေးဆောင်၍ လျှောက်ထားခြင်းများမပြုရန် အသိပေးနှိုးဆော်အပ်ပါသည်။

# ဖေဖော်ဝါရီ ၂၂ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၀၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၃၇၄ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၃၈၅ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်တို့ကို စစ်အုပ်ချုပ်ရေး(Martial Law) အာဏာအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၉ / ၂၀၂၃**
၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၄ ရက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၈/ ၂၀၂၃ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့်အရာတော်မြို့နယ်တို့အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
- (၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
- (၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
- (၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
  - (ကက) သေဒဏ်၊
  - (ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
  - (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
- (၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
  - (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
  - (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
  - (ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
  - (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
- (၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
- (၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
  - (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
  - (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
  - (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
  - (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
- (၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက်ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်းသို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးကို ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

---

☆ **ကျောဖုံးမှအဆက်**

လေးသိန်းနှစ်သောင်းဖြင့် မိုးပျံဘောလုံးတစ်လုံးလျှင် ခရီးသည် ၁၆ ဦးတင်ဆောင်၍ ကုမ္ပဏီသုံးခုက တစ်ရက်လျှင်ဘောလုံးနှစ်လုံးမှ လေးလုံးထိ ပျံသန်းဝန်ဆောင်မှုပေးလျက်ရှိသည်။ ခရီးသွားရာသီအစပိုင်းတွင် မိုးပျံဘောလုံးကုမ္ပဏီ လေးခုမှ ဝန်ဆောင်မှုပေးခဲ့ပြီး ယခုလတွင် ဘောလူးပုဂံကုမ္ပဏီ(BOB)၊ အိုရီယန်တယ်ဘလူးမန်း(OB)ကုမ္ပဏီနှင့် ရှင်သန်သူ(STT) ကုမ္ပဏီတို့က ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိရာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အိုရီယန်ဘလူးမန်း(OB)ကုမ္ပဏီအနေဖြင့် ဝန်ဆောင်မှုရပ်နားမည်ဖြစ်၍ ကျန်ရှိသော ကုမ္ပဏီနှစ်ခုတွင် BOB ကုမ္ပဏီသည် ဧပြီ ၁၁ ရက်တွင် ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်နားသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ခရီးသွားရာသီတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဝင်ရောက်မှုအထူးစည်ကားခဲ့ပြီး ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေခဲ့၍ နိုင်ငံခြားခရီးသွားများအပြင် ပြည်တွင်းခရီးသွားများလည်း မိုးပျံဘောလုံးစီးနင်းမှုများလာခဲ့သည်။

ယခင်က မိုးပျံဘောလုံးကုမ္ပဏီများအနေဖြင့် တစ်ရက်လျှင် ခရီးသွားဦးရေ ၁၈၀ ခန့်ကိုတင်ဆောင်၍ ကုမ္ပဏီတစ်ခုလျှင် မိုးပျံဘောလုံးခုနစ်လုံးထိပျံသန်းကာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ယခုခရီးသွားရာသီ၌ ယခင်ကဲ့သို့ စံနှုန်းမရရှိသော်လည်း လာမည့်ခရီးသွားရာသီအတွက် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် စီးပွားရေးအခြေခံကောင်းများရရှိခဲ့ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေ၌ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ခရီးသွားအနည်းငယ်လျော့ကျလာသော်လည်း ရုံးပိတ်ရက်နှင့် နေ့ထူးနေ့မြတ်တို့တွင် ပြည်တွင်းခရီးသွားများဝင်ရောက်လျက်ရှိပြီး လာမည့်သင်္ကြန်ကာလ ဘုရားဖူးခရီးစဉ်တို့တွင် ခရီးသွားဝင်ရောက်မှုတိုးလာနိုင်ကြောင်း ပုဂံဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များက သုံးသပ်လျက်ရှိပြီး ယခုနှစ်ခရီးသွားရာသီ၌ ပုဂံယဉ်ကျေးမှုနယ်မြေသို့ပြည်ပခရီးသွားများဝင်ရောက်ခဲ့ရာ ရုရှား၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ အီတလီ၊ဂျာမနီ၊ကိုရီးယား၊ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ဓာတ်ပုံ-ကနူ၊ ညီမ်းသူ (သတင်းစဉ်)**



# Bank Account အတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှုမဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**


မသမာသူများသည် လူပုဂ္ဂိုလ်အချို့၏ **Bank Account** များအတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူမှုများ ကျူးလွန်လျက်ရှိသဖြင့် လူပုဂ္ဂိုလ်အချို့အနေဖြင့် ငွေကြေးဆုံးရှုံးနစ်နာမှုများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူသူ ဒုစရိုက်သမားများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့်ပူးပေါင်းကျူးလွန်သူ မြန်မာနိုင်ငံသားတရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအနေဖြင့် နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူမှုများပြုလုပ်ရာတွင် ဇယား(၁)ပါနည်းလမ်းများကိုအသုံးပြု၍ လိမ်လည်ခံရမည့်သူကိုရှာဖွေပြီး လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိပါက ဇယား(၂)ပါ နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူ၏ Bank Account နှင့် KBZ Pay Account တို့အတွင်းမှ ငွေများအား အဆင့်ဆင့် လွှဲပြောင်းထုတ်ယူကြခြင်းဖြစ်သည်။


ဇယားများပါ လိမ်လည်မှုကျူးလွန်ပုံ နည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှုလွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကိုစောင့်ကြည့်ရယူပြီး ငွေများလိမ်လည်လွှဲပြောင်းထုတ်ယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်းဖြစ်ကြောင်းနှင့် လိမ်လည်မည့်သူများသည် KBZ Pay Account များကို မသိနားမလည်သူအချို့ထံမှ ငွေကြေးအနည်းငယ်အသုံးပြု၍ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေများလွှဲပြောင်းထုတ်ယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မိမိတို့၏ Bank Account များအတွင်းမှ ငွေကြေးများကို မသမာသူ ဒုစရိုက်သမားများ၏ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ လိမ်လည်လွှဲပြောင်းထုတ်ယူမှုမခံရစေရေး မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့်ကိုယ်ရေးအချက်အလက်များကို လုံခြုံမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာလိုအပ်ချက်မှတပါး Bank Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်းမပြုလုပ်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။


ဇယား(၁)




ဇယား(၂)



# မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်း



မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက လက်ခံရယူစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် စိန်လုံ(မ်) တောင်တန်းကျောက်မျက်ရတနာလီမိတက် မိသားစုဝင်များဖြစ်သည့် ဦးရန်ချင်းစိန်၊ ဦးသိန်းအောင်၊ ဒေါ်ဂူးဟွမ်၊ ဦးလန်ပြင်းဆိုက်နှင့် ဒေါ်သန်းသန်းဆွေတို့က ကျောက်စာရုံစေတီသုံးဆူအတွက် အလှူငွေကျပ် ၈၃၇ သိန်းနှင့် ပိဋကသုံးပုံကျမ်းစာအုပ် သုံးအုပ်အတွက် အလှူငွေကျပ်သိန်း ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

ထိုကဲ့သို့ တည်ဆောက်ပူဇော်လျက်ရှိရာတွင် ကျောက်စာရုံစေတီလှူဒါန်းနိုင်သည့်အရေအတွက် အဆူ ၇၂၀ တွင် စေတနာရှင်၊ အလှူရှင်များက ၇၁၇ ဆူအား လှူဒါန်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **လှူဒါန်းရန်ကျန်ရှိနေသည့် ကျောက်စာရုံစေတီ သုံးဆူအား စေတီတစ်ဆူလျှင် ငွေကျပ် ၂၇၉ သိန်းနှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ရေး** ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော (ဖုန်း-၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅)နှင့် ဒေါ်အေးအေးကြည် (ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။




နောင်တော်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းက လက်ခံရယူစဉ်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲပြုလုပ်



၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(လေ) အဆင့် စစ်သည်တော် ကျင့်ဝတ် ရေးဖြေပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းနှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် ရေးဖြေ ဖြေဆိုမှုနှင့် တပ်သားအဆင့် နှုတ်ဖြေ ဖြေဆိုမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား စုစုပေါင်း ၁၂၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် စေတီတော်မြတ်ကြီး နောင်တော်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် စေတီတော်မြတ်ကြီး၊ နောင်တော်ကြီး စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂန္ဓကုဋိကိုးခန်း သိမ်တော်ကြီး၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သမိုင်းဝင် မြတ်စောညီနောင် စေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌက နောင်တော်ကြီးစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ရောင်တော်ဖွင့်ခြင်း၊ ရွှေစင်ရွှေပြား၊ လုံးတော်ပြည့် ရွှေဆေးသင်္ကန်းနှင့် အရံစေတီတော်များကို ရွှေဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက နောင်တော်ကြီးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးယာဉ်များအတွက် အိမ်သုံးအားသွင်းစက်များ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

Chin Dwin Shan Co., Ltd က လျှပ်စစ်သုံးယာဉ်များအတွက် အိမ်သုံးအားသွင်းစက် 7KW GB AC Charger ငါးခုကို ယမန်နေ့က ဆိပ်ကမ်းမှ ထုတ်ယူခဲ့ကြောင်းသိရသည်။

အဆိုပါ Charger များ တင်သွင်းမှုကို ပြည်တွင်း လျှပ်စစ်သုံးယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ် သက်သာခွင့်ပြုထားကြောင်း သိရသည်။ လျှပ်စစ်သုံးယာဉ်များကို ဓာတ်အားဖြည့်သွင်းရာတွင် ယခုကဲ့သို့ အိမ်သုံး 7KW Charger များဖြင့် မိမိအိမ်တွင် အလွယ်တကူတပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သဇင်(FM) အသံလွှင့်အစီအစဉ်

၂၃-၂-၂၀၂၃ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | Master Chef |
| ၂။ | ၁၃း၃၀ | Live For You |
| ၃။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |
| ၄။ | ၁၉း၃၀ | K Pop Songs |
| ၅။ | ၂၂း၁၀ | I Music For Tonight |

0 w Kv d @

# ပညာမဲ့သူရဲ့ အမှာစကား

လှိုင်းအောင်




(၁)

ကျွန်တော်တို့ရွာမှာ ဆင်ကြီးလို့ပြောလိုက်ရင် ကလေး၊ လူကြီးအားလုံးသိကြပါတယ်။ နာမည်အရင်းက တက်တိုးပါ။ တွန်းကန်ရုန်းဆွဲတဲ့နေရာမှာ ဆင်ကြီးတစ်ကောင်လို သန်စွမ်းတုတ်ခိုင်လို့ တစ်ရွာလုံးက ဆင်ကြီးလို့ခေါ်ကြတာပါ။ တစ်ရာမှာ တစ်ယောက်၊ တစ်မိပေါက် တစ်ယောက်ထွန်းဆိုရလောက်အောင် ရှယ်တူကာလသားတွေထက် အရပ်အမောင်း၊ ခွန်အားဗလထူးကဲသာလွန်သူဖြစ်ပါတယ်။ စပါးနှစ်ရာကျော် သုံးရာလောက်ကတော့ တစ်ယောက်တည်းကျုံးပြီး တစ်ယောက်တည်းသယ်မပစ်လိုက်တာပဲ။ လက်တစ်ဖွေ့စာ သစ်တုံးတွေဆို နွားမလိုဘူး။ သူကိုယ်တိုင် ပခုံးနဲ့ထမ်းပြီး သယ်သွားတာ။ ဆန်အိတ်ထမ်းရင်လဲ တစ်ပြိုင်တည်း နှစ်အိတ်သယ်နိုင်ပါသေးတယ်။ သာရေးနာရေးပွဲတွေမှာဆိုလဲ သူမပါရင်မပြီးသလောက် ခရီးမရောက်နိုင်ပါဘူး။ အလှူ၊ မင်္ဂလာဆောင်များရှိလို့ကတော့ မနေတတ်မထိုင်တတ် အိမ်မြှောင်အမြီးပြတ်သလိုပဲ။ မဏ္ဍပ်တိုင်ခုတ်၊ မဏ္ဍပ်ဆောက်၊ ထမင်းချက်၊ ထင်းခွဲ၊ ရေခပ်၊ ပန်းကန်ဆေး စတဲ့ဝေယျာဝစ္စအလုပ်တွေကို မခိုမကတ်လုပ်တတ်လေ့ရှိပါတယ်။ ဒါကြောင့် တစ်ရွာလုံးက သူ့ကို ချစ်ခင်ကြပြီး ပုဆိုး၊ အင်္ကျီ၊ ဖိနပ် စတဲ့ တစ်ကိုယ်ရေသုံးပစ္စည်းတွေ ဝယ်ပေးတတ်ကြသလို လုပ်အားခအဖြစ် ငွေတိုငွေစတွေကိုလဲ ပေးကမ်းတတ်ကြပါတယ်။

(၂)

သူငယ်စဉ်တုန်းက မိဘတွေက ကျောင်းထားပေးတော့-

"အမေနဲ့အဖေရာ ပညာရေးလိုက်စားတာက အလှူအိမ်မှာ လိုက်စားတာလောက် ဗိုက်မဝဘူးဗျ။ ကျောင်းနေတာချင်းအတူတူ အိမ်က နွားတွေပဲ ကျောင်းနေမယ်ဗျာ"လို့ပြောပြီး ကျောင်းမတက်ခဲ့ပါဘူး။ ပြောမရတော့ မိဘတွေလဲ ဒီအတိုင်းကြည့်နေလိုက်ကြတာပေါ့။ ဒါကြောင့် ဆင်ကြီးက သူ့နာမည်တောင် ကောင်းကောင်းမရေးတတ်ခဲ့ပါဘူး။ ကျွန်တော်တို့ရွာလေးက နေပြည်တော် တပ်ကုန်းမြို့ရဲ့ အရှေ့မြောက်ယွန်းယွန်း ၁၂ မိုင်လောက်အကွာမှာရှိပါတယ်။ အဝေးကမျှော်ကြည့်လိုက်လို့ကတော့ ရှမ်းရိုးမတောင်တန်းကြီးက နောက်ခံပန်းချီကားကြီးတစ်ချပ်ထောင်ထားသလိုပဲ။ အုံ့မှိုင်းညို့ဆိုင်းပြီး နေချင်စရာ တအားကောင်းလှပါတယ်။ ရွာမြောက်ဘက်ကပ်ပြီး သမိုင်းဝင်သားခိုတောင်အမည်ရတဲ့တောင်ပူစာလေးနဲ့ နတ်တောင်လို့ခေါ်တဲ့ တောင်ကန့်လန့်(အခြားတောင်တွေလို တောင်နဲ့မြောက်မဟုတ်ဘဲ အရှေ့နဲ့ အနောက်သွယ်တန်းလျက်)ကြီးက ကာဆီးဝန်းရံထားကြပါတယ်။ ရွာလေးက တောင်ကုန်းတွေကြားမှာရှိနေလို့ အောက်ဘက်ရွာသားတွေက ကျွန်တော်တို့ကို "ဗိုက်ပူနံကား တောင်ကြားသား"လို့တောင် ခေါ်ကြတာ။ ရွာတောင်ဘက်မှာတော့ တစ်ရွာလုံးရှိ ကျွဲတွေ ရေစိမ်ချိုးကြတဲ့ ရေကန်ကြီးရှိပါတယ်။ ဟင်္သာ၊ ရေကြက်၊ စက္ကဝါက်တို့မကျက်စားပေမဲ့ တစ်ဘာသာဆင်ပြီး စာကဗျာတင်ထိုက်လှပါတယ်။ ရွာ့အလှ၊ ရွာ့ရှုခင်းတွေမြင်တွေ့ရရင် အလွမ်းဓာတ်ခံရှိသူတွေများဆို ဖြေမနိုင်မျက်ရည်စို့ ဆိုရလောက်အောင် လွမ်းသလိုလို ဆွေးသလိုလို ဖြစ်သွားတတ်ကြပါတယ်။ ဆင်ကြီးက ပညာမတတ်ပေမဲ့ ရပ်ရွာကောင်းကျိုးလုပ်တဲ့နေရာမှာတော့ အခြားပညာတတ်သူတွေထက်တောင် သာလွန်ပါသေးတယ်။ ဒါကြောင့် လူချစ်လူခင်ပေါသလို ရွာထဲ ဘယ်အိမ်တက်ပြီး ထမင်းဝင်စားစား သူ့ကိုကြည်ဖြူလက်ခံကြတာပေါ့။

(၃)

ဆင်ကြီးက သူ့နဲ့လုံးတူကိုက်တူ ဦးဘခက်သမီးမြနှင်းနဲ့ သမီးရည်းစားဖြစ်နေတာပါ။ လက်ထပ်ဖို့ပြောတော့ မြနှင်းက သူ့အဖေ သဘောမတူမှာကို စိုးရိမ်နေပါတယ်။

"မြနှင်းအဖေ သဘောတူလာအောင် အစ်ကိုလုပ်ပြမယ်။ မနက်ဖြန် စောင့်ကြည့်လိုက်"

နောက်တစ်နေ့မနက် အရှေ့ရိုးမတောတက်ပြီး ပျဉ်းကတိုးသစ်တစ်တုံး ခုတ်ယူလာပါတယ်။ ပြီးတော့မှ ဦးဘခက်ခြံဝင်းထဲ အလကားပစ်ချပေးလိုက်တာ။ သစ်ကိုအလွန်မက်မောတဲ့ ဦးဘခက်မျက်နှာ မှိုကျင်းထဲ ကျသွားတဲ့အတိုင်းပဲ။ မျက်နှာကြီးကိုဖြီးလို့။ အဲဒီနောက် ဆင်ကြီးက ဦးဘခက်အတွက် သစ်ရာ၊ အင်ကြင်း၊ ပိတောက် စတဲ့သစ်တုံးတွေကို တစ်တုံးပြီးတစ်တုံး ပစ်ချပေးပြီး အချိုသတ်လိုက်တာ သူ့သမီးနဲ့ သဘောတူပေးစားလိုက်ပါရော။ အိမ်ထောင်ကျပြီးမကြာဘူး ဆင်ကြီးကိုယ်တိုင် အရှေ့ရိုးမတက် သစ်ခုတ်ပြီး ပျဉ်ထောင်အိမ်ကြီး ဆောက်လိုက်ပါတယ်။ လွှစင်ထောင်ပြီး ပျဉ်ခွဲရောင်းလိုက်တာ စီးပွားရေးလဲ အတော်အတန် အဆင်ပြေလာတာပေါ့။ ရွာနီးချုပ်စပ် ပျဉ်ထောင်အိမ်မှန်သမျှ သူ့လွှစင်က ခွဲစိတ်ပေးလိုက်တဲ့ ပျဉ်တွေချည်းပါပဲ။ ဆက်ဆံရေးကလဲကောင်း၊ စေတနာလဲပါတော့ သူ့လွှစင်လေးက လက်မလည်နိုင်အောင် အလုပ်ဖြစ်လာပါတယ်။

(၄)

တစ်နေ့ အဲဒီနေ့ကို ကျွန်တော်တို့တစ်ရွာလုံး ဘယ်တော့မှမမေ့နိုင်ခဲ့။ အကြောင်းကတော့ ကျွန်တော်တို့ရွာရဲ့ နာမည်ကျော်ဇာတ်လိုက်မင်းသား ဆင်ကြီးတစ်ယောက် သူချစ်တဲ့မိသားစုနဲ့ ကျွန်တော်တို့ရွာလေးကို အပြီးအပိုင်ခွဲခွာသွားခဲ့လို့ပါပဲ။

"မြနှင်းရေ သားလေးကို မျက်စိအောက်က အပျောက်မခံနဲ့နော်။ အမြင့်တွေဘာတွေမတက်စေနဲ့၊ ချောင်းဘေးလဲမသွားစေနဲ့နော်။ ယောကျ်ားလေးတွေ ရှင်ပြုခါနီးရင် မတော်တဆဖြစ်တတ်တယ်"

"အမယ်လေး အဖြစ်သည်းနေလိုက်တာ။ စိတ်ချတော့်သားကို မှဲ့တစ်ပေါက်တောင် မစွန်းစေရဘူး။ တော်သာ တောထဲမှာ ဂရုစိုက်ပြီး လုပ်စမ်းပါတော်"

"အို့ . . . ငါ့အတွက်တော့ ပူမနေနဲ့။ တစ်သက်လုံး သစ်ခုတ်၊ ဝါးခုတ်လာတာ အံတောင်တိုနေပြီ။ တောမကျွမ်းဘဲ မုဆိုးမလုပ်ဘူးမှတ်ထား"

ဆင်ကြီးတစ်ယောက် သူ့သားလေးရှင်ပြုခါနီးလို့ မဏ္ဍပ်ဆောက်ဖို့အတွက် လိုအပ်တဲ့သစ်၊ ဝါးတွေ သွားခုတ်ပါတော့တယ်။ သားကို စိတ်မချနိုင်လို့ အထပ်ထပ်မှာနေရတာပါ။ သူ့အလှူအတွက် တစ်ရွာလုံးမှာရှိကြတဲ့ လူငယ်တွေလဲ လှည်း၊ နွားကိုယ်စီနဲ့ လိုက်လာကြတာ လှည်းတန်းကြီးကို တသီတတန်းကြီးဖြစ်တဲ့ထိပါပဲ။ တောထဲရောက်တော့ လှည်းတပ်မှာ နွားတွေဖြုတ်ပြီး ဓားကိုယ်စီနဲ့ တောင်ပေါ်တက်ကြပါတယ်။ ကျွန်တော်တို့ ရွာနီးချုပ်စပ်အကုန်လုံး သစ်၊ ထင်း၊ ဝါးလိုတဲ့အခါ ဒီအရှေ့ရိုးမတောင်တန်းကြီးဆီပဲ လာခုတ်ကြတာပါ။ ဒီတော၊ ဒီတောင်တန်းကြီးဟာ ကျွန်တော်တို့အတွက်တော့ သဘာဝတရားက ဖန်တီးပေးထားတဲ့ ပဒေသာပင်ကြီးလိုပါပဲ။

"ခုတ်ကြဟေ့ ငါ့ကောင်တို့၊ ဆွမ်းခံချိန်အမီ ပြန်ရောက်အောင်။ နွားတွေလဲ သက်သာတာပေါ့ကွာ"

ဓားတစ်ယောက်တစ်ချောင်းကိုင်ပြီး တက်ညီလက်ညီခုတ်လိုက်ကြတာ လူတစ်ယောက် ဝါးတစ်လုံးနဲ့ ဝါးလုံး ၁၀၀ ပြည့်သွားပါတော့တယ်။ ဒါကြောင့် ခုတ်ပြီးသားဝါးတွေကို တောင်အောက်ကို ထိုးချလိုက်ကြချိန်မှာ မမျှော်လင့်ဘဲ ဝါးတစ်ချောင်းက ဆင်ကြီးရဲ့ ဗိုက်တည့်တည့်ကို စိုက်ဝင်သွားပါတော့တယ်။

"အား . . ."

"ဟာ ဟိုမှာ ဆင်ကြီး ဝါးထိုးခံလိုက်ရပြီဟေ့။ လာကြပါအုံးဗျို့ လုပ်ကြပါအုံး"

ကိုလှဆိုင်က ပြေးပြီး ဆင်ကြီးကို ပွေ့ချီလိုက်ပါတယ်။ ဆင်ကြီးဗိုက်ထဲကနေ သွေးတွေတရစပ်ပန်းထွက်နေပြီး ညည်းညူနေပါတော့တယ်။ တောင်ပေါ်ကနေ ဝါးထိုးချချိန်ဆို တောင်အောက်မှာ လူနေလို့မရပါဘူး။ ဒါပေမဲ့ ဆင်ကြီးက သူလုပ်နေကျအလုပ်ဆိုပြီး ဂရုမစိုက်ဘဲ ပေါ့ဆခဲ့လို့ အခုလိုဖြစ်ရတာပါ။

"လှည်းတစ်စီးမြန်မြန်ကောက်ဟေ့ ရွာကိုပြန်သယ်မှ ရတော့မယ်"

အဲဒီအချိန်မှာပဲ ဆင်ကြီးဆီက မပီမသနဲ့ စကားလုံးတွေ တိုးတိုးညင်းညင်းကြားလိုက်ကြရပါတယ်။ သူ့စကားကို ကြားလိုက်ရတော့ ရွာသားတွေအကုန်လုံး မျက်ရည်ဝဲပြီး စိတ်မကောင်းဖြစ်ရတဲ့ထိ ကြေကွဲဝမ်းနည်းကြရပါတော့တယ်။

"ကျုပ် အခုလိုဖြစ်ရတာ ပညာမတတ်လို့ပါ"

"ဟာကွာ ဘာမှမဆိုင်တာဘဲ ဆင်ကြီးရာ။ မင်းအားတင်းထားစမ်း။ ငါတို့ မင်းကို ဘာမှမဖြစ်စေရအောင် ဝိုင်းပြီးကယ်မယ် ဟိတ်ကောင်"

"ကျုပ် ကျုပ်အခြေအနေ ကျုပ်သိတယ်။ သားလေးကိုပြောလိုက် ပညာတတ်အောင်သင်ပါလို့"

ဆင်ကြီးက အားယူဖျစ်ညှစ်ပြောပြီး သူ့ချိုင်းထဲကနေ လွယ်အိတ်စုတ်ကလေးတစ်လုံး ထုတ်ပေးလိုက်ပါတယ်။ သူ့ပုဆိုးပိုင်းစုတ်နဲ့ ချုပ်ထားတဲ့ လွယ်အိတ်လေးပါ။ ဒီလွယ်အိတ်လေးထဲမှာ သူ့သားရှင်ပြုဖို့ အနှစ်နှစ်အလလ အငတ်ခံပြီး မစားရက်၊ မသောက်ရက်နဲ့ သစ်ဖိုး၊ ဝါးဖိုးရောင်းရငွေလေးတွေ စုခဲ့တာပါ။

"ကျုပ်သေရလဲ မကြောက်ပါဘူး။ ဒါ ဒါပေမဲ့ ကျုပ်သားရဲ့ရှင်ပြုပွဲမှာ သပိတ်လွယ်ခွင့်မရတာတော့ ကျုပ်သားအတွက် ဝမ်းနည်းတယ်ဗျာ"

ပြောရင်းဆိုရင်း ဆင်ကြီးဟာ လူ့လောကကြီးကို ကျောခိုင်းသွားပါတော့တယ်။ သူ့ရဲ့သတင်းဆိုးက ရွာနီးချုပ်စပ် တောမီးလိုပျံ့နှံ့သွားတာပေါ့။ သားရှင်ပြုပွဲက အဖေရဲ့အသုဘပွဲဖြစ်ခဲ့ရတော့ ကြားရသူတိုင်း ယူကျုံးမရဖြစ်ကြရပါတယ်။ သူ့မိန်းမမြနှင်းဆို သတိလစ်တဲ့ထိ ပူဆွေးဝမ်းနည်းနေရတော့တာပဲ။ သူပြောခဲ့တဲ့ "ကျုပ် အခုလိုဖြစ်ရတာ ပညာမတတ်လို့ပါ"ဆိုတဲ့စကားလေးကိုတော့ သူ့အခေါင်းရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ထင်ထင်ရှားရှားရေးပေးခဲ့ပါတယ်။ သူ့ဘဝရဲ့အားနည်းချက်ကို ထောက်ပြပြီး တစ်ရွာလုံးကို သတိပေးခေါင်းလောင်းထိုးခဲ့တဲ့စကားလေးဖြစ်လို့ ကျွန်တော်တို့တစ်ရွာလုံး အခုထိ မမေ့နိုင်သေးပါဘူး။

(၅)

ဆင်ကြီးရဲ့ အသုဘအခမ်းအနားဟာ ကျွန်တော်တို့ရွာမှာ ဟိုး ရှေးခေတ်ကနေ ဒီနေ့ထိ ပြုလုပ်ခဲ့ဖူးတဲ့ ဘယ်ပွဲနဲ့မှမတူအောင် စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ လောကီလူ့ဘောင်ကို စွန့်ခွာထားတဲ့ ရွာဦးကျောင်းဆရာတော်တောင် ရေစက်ချအမျှဝေရင်း မျက်ရည်ကျခဲ့ရတာပါ။ အခုတော့ ရွာရဲ့သာရေးနာရေးပွဲတွေမှာဆို ရေခပ်၊ ထင်းခွဲ၊ ပန်းကန်ဆေးနေတတ်တဲ့ ဆင်ကြီးကို မတွေ့ရတော့ပါဘူး။ အလှူ၊ မင်္ဂလာဆောင်ပွဲတစ်ခုလုပ်တိုင်း ဆင်ကြီးအကြောင်းမပါလျှင်မပြီး။ ပညာမတတ်ပေမဲ့ ရပ်ရွာကောင်းကျိုးသယ်ပိုးတဲ့နေရာမှာတော့ ဆင်ကြီးက ပါရဂူကြီးတစ်ပါးပါပဲ။ သူ့အကြောင်းပြောဖြစ်တိုင်း ကျွန်တော်တို့ရွာသူ၊ ရွာသားတွေရဲ့ နှလုံးသားထဲမှာ ကမ္ဘာတည်သရွေ့ မမေ့နိုင်တဲ့ စကားတစ်ခွန်းကတော့ ဒီနေ့ဒီအချိန်ထိ စွဲမြဲနေပါတော့တယ်။

ကျုပ် အခုလိုဖြစ်ရတာ ပညာမတတ်လို့ပါ။

# ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းမှ အဆောက်အအုံ ၁၂၁ လုံး၊ အိမ်ခန်း ၁၉၃၆ ခန်းကို မတ်လတွင်ပြီးစီးရန် ဆောင်ရွက်နေ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းမှ အဆောက်အအုံ ၁၂၁ လုံး၊ အိမ်ခန်း ၁၉၃၆ ခန်းကိုလာမည့် မတ်လတွင် ပြီးစီးရန် ဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါပြည်သူ့အငှား အိမ်ရာ တည်ဆောက်ရေးစီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်တွင် အဆောက်အအုံ ၄၄ လုံး၊ အိမ်ခန်း ၇၀၄ ခန်း၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အဆောက်အအုံ ၃၉၃ လုံး၊ အိမ်ခန်း ၆၂၈၈ ခန်းနှင့် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်တွင် အဆောက်အအုံ ၁၈၈ လုံး၊ အိမ်ခန်း ၃၀၀၈ ခန်း စုစုပေါင်း အဆောက်အအုံ ၆၂၅ လုံး၊ အိမ်ခန်း ၁၀၀၀၀ ကို တစ်ပြိုင်တည်း ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများအနက် အဆောက်အအုံအများဆုံးနှင့် အခန်းအရေအတွက်အများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းမှ အဆောက်အအုံ ၁၂၁ လုံး၊ အိမ်ခန်း ၁၉၃၆ ခန်းကို လာမည့်မတ်လတွင် ပြီးစီးရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းသည် ရန်ကုန်မြို့၏အဓိကကျသောအမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီးကြားတွင် တည်ရှိသည့်အတွက် ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ သွားလာနေထိုင်ရေးလွယ်ကူအဆင်ပြေစေမည့်အိမ်ရာစီမံကိန်းဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

# ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သပြေတန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သပြေတန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးလက်ကုန်ထုတ်လမ်းရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၁ သန်း အသုံးပြုပြီး အရှည် ၉၀၄၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဝဝံမြေသားလမ်း ခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၄၀၀၊ အကျယ် ၁၄ ပေ၊ အမြင့်နှစ်ပေရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို Bandoola Min ကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးသွားပြီဖြစ်သဖြင့် သပြေတန်းကျေးရွာရှိ အိမ်ခြေ ၁၅၈ အိမ်၊ လူ ၄၅၉ ဦးတို့၏ လယ်ယာဧက ၄၂၀ မှထွက်ရှိသည့် ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ ရာသီမရွေး တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ကိုညီ



# မိုင်းရှူးမြို့နယ် နားစံကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဆင်း

**မိုင်းရှူး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နားစံကျေးရွာခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသော ဆိုင်ကယ်ပြုပြင်နည်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိအသုံးချရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို သင်တန်းသားများထံ ပေးအပ်ကြရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ မိုင်းရှူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်ထိ ကျွမ်းကျင်နည်းပြဆရာများက ဆိုင်ကယ်ပြုပြင်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောပြ၍ သိရသည်။

မောင်ခိုင်

## ကြိုးစားငွဲမာန် စိတ်ရင်းမှန်

\- ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု
ဂုဏ်ထင်လှ လောကမှာ၊
သင်လိုချင် ရအောင်လုပ်
အဟုတ်ဖြစ်လာ၊
သင့်အတွက် ကံကြမ္မာ
ကောင်းဖို့ရာ လှံ့လစိုက်၊
အမှားကို မကြောက်နှင့်
ရဲရင့်ဂုဏ်ပိုက်။

\- ရေသာခို အချောင်မလိုက်
မှောင်မိုက်လို့ မပြီးနိုင်၊
ရှုံးနိမ့်လျှင် ပြင်ဆင်ရင်း
အားတင်းစိတ်ခိုင်၊
အရောက်လှမ်းစို့ တို့ပန်းတိုင်
စိတ်မဏ္ဍိုင် မြှင့်တင်ရင်း၊
ပိတ်ဆို့နေ တံတိုင်းများကိုလ
ဖောက်သွားနိုင်ခြင်း။

\- လူဆိုတာ အမှားမကင်း
စိတ်သန့်ရှင်း ဖြူဖွေးစေ၊
ရလဒ်သည် အားအင်ဖြစ်
စိတ်သစ်ဖြင့်နေ၊
ကိုယ်ပိုင်အသိ ဉာဏ်စွမ်းခွေ
မှန်လမ်းတွေ လျှောက်လှမ်းပေး၊
အမြော်အမြင်မှာ
ပျော်ရွှင်စရာ ဘဝလမ်းရယ်က
အေးချမ်းမယ်လေး။ ။

ရှာန်လေး(ပညာရေး)

# မလှိုင်မြို့နယ် သြဇာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ယာကြီးကုန်းကျေးရွာအုပ်စု သြဇာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများက သြဇာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ၁၉၂၀ ပြည့်နှစ်နောက်ပိုင်း မြန်မာကာလပေါ်ဝတ္ထုများ (၁)

မြန်မာစာဖတ်တတ်သည့် နိုင်ငံခြားသားတချို့က ကောင်းနိုးရာရာ သူတို့၏ဝတ္ထုတချို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြခြင်းသည် မြန်မာကာလပေါ်ဝတ္ထုများအတွက် လမ်းခင်းပေးလိုက်ခြင်းနှင့် တူလေသည်။ မြန်မာတို့က ထိုပုံဝတ္ထုများကို အတုယူကာ ကာလပေါ်ဝတ္ထုများ ရေးသားခဲ့ကြခြင်းဖြစ်ပေသည်။

(ဆရာကြီး ဦးဖေမောင်တင်)

ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာဝတ္ထုသမိုင်းအစ ဆောင်းပါးကို ဖတ်မိသောအခါ မြန်မာကာလပေါ်ဝတ္ထုများ ပေါ်ပေါက်လာပုံအဆင့်ဆင့်ကို စဉ်းစားမိသည်။ ဆရာကြီးဂျိမ်းလှကျော်၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးရွှေဥဒေါင်းတို့၏ ကြိုးစားအားထုတ်မှုများကို သိရှိနားလည်မိသည်။

၁၉၂၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်ကာလများအတွင်း ထင်ရှားသည့်ဝတ္ထုများ အထွက်နည်းခဲ့သည်။ ထိုအချိန်ကာလများကား ပထမကျောင်းသားသပိတ်အပြီး ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီး ကွဲသွားသည့် ကာလလည်းဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ဒိုင်အာခီရွေးကောက်ပွဲမှ အစပြုပြီး လူကြီး၊ လူငယ်တို့ ကွဲကြသည့်ကာလလည်းဖြစ်သည်။

ဆရာကြီး မစ္စတာမောင်မှိုင်း၏ ဋီကာများ၊ ဂဏ္ဍိများ၊ လေးချိုးကြီးများ တွင်တွင်ထွက်ပေါ်လာသည့် ကာလလည်းဖြစ်သည်။ နိုင်ငံရေးအသိအမြင်များ နိုးကြားတက်ကြွလာကြပြီး မျိုးချစ်စိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသည့် အချိန်ကာလလည်းဖြစ်သည်။

မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ပေးသည့် ဝတ္ထုများ အစီအရီပေါ်လာသည်။ အဆိုပါဝတ္ထုများအနက် "ရဲမြန်မာ"ဝတ္ထုအကြောင်း တင်ပြချင်ပါသည်။ "ရဲမြန်မာ"ဝတ္ထုကို ၁၉၃၄ ခုနှစ်က ဆယ်တန်း၊ ခုနစ်တန်း၊ ဥပစာတန်းတို့တွင် ကျောင်းသုံးစာအုပ်အဖြစ် ပင် ပြဋ္ဌာန်းခဲ့သည်။ ဇာတ်လမ်းအကျဉ်းမှာ ဤသို့ဖြစ်သည်။

"ရဲမြန်မာ" ဆိုသည့်အမည်မှာ မုတ္တမတွင် လျှို့ဝှက်တည်ထောင်ခဲ့သည့်အသင်း၏ အမည်ဖြစ်သည်။ ဇာတ်လမ်းနောက်ခံမှာ အင်းဝပြိုကွဲပြီး အလောင်းဘုရား လူသူစုဆောင်းနေသည့်ကာလဖြစ်သည်။ "ရဲမြန်မာ" အသင်းတည်ထောင်သူ မောင်ရှုပမှာ အင်းဝဘုရင်၏ တူဖြစ်သည်။ မောင်ရှုပသည် ပျောက်ဆုံးနေသော ဖခင်ကို ပဲခူးနှင့် မုတ္တမတွင် ရှာဖွေခဲ့ရာမှ မုတ္တမမြို့စား၏နှမတော် သီရိမာလာနှင့် ချစ်ကြိုက်ပြီး ခိုးယူထွက်ပြေးခဲ့သည်။ ပဲခူးက အင်းဝကို လာရောက်တိုက်သည်တွင် သီရိမာလာ မုတ္တမသို့ ပြန်လည်ပါသွားသည်။

အလောင်းဘုရားက မြန်အောင်နှင့် ရန်ကုန်တို့ကို ပြန်လည်တိုက်ခိုက်ရာတွင် မောင်ရှုပပါဝင်ခဲ့သည်။ ထို့နောက် သီရိမာလာကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး မုတ္တမမြို့စားဖြစ်လာသည်။ အင်းဝဘုရင်၏စာတော်ဖတ် ခင်ခင်ကြီးကိုပါ သိမ်းပိုက်ခဲ့သည်။ သူ့ဖခင်ကို တောင်ကြမ်းဆရာတော်အဖြစ် ပြန်လည်တွေ့ဆုံကာ ဇာတ်ပေါင်းထားသည်။

"ရဲမြန်မာ"ဝတ္ထုသည် အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးသည့်ဝတ္ထုအဖြစ် ထင်ရှားခဲ့သည်။ ဝတ္ထုကိုရေးသူ ဦးသိမ်းမောင်ကား သူရိယသတင်းစာတွင် အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၈၈၉ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီး ဦးသိမ်းမောင်သည် ရဲသတင်းစာ ထုတ်ဝေရေးတွင်လည်းပါဝင်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းများတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

စစ်ပြီးခေတ်တွင် သံတော်ဆင့်သတင်းစာကို ထုတ်ဝေခဲ့ပြီး မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌတာဝန်များကိုလည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဆရာကြီး ဦးသိမ်းမောင်သည် "ရဲမြန်မာ"ဝတ္ထုအပြင် "မင်းရဲကျော်စွာ"၊ "မဟာဗန္ဓုလ"၊ "ဘုရင့်နောင်"၊ "အလောင်းဘုရား"၊ "ပန်တော်ဦး" ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။

ဆက်လက်ပြီး ရွှေစကြာ၏ "နာခံတော်"ဝတ္ထုကို တင်ပြချင်ပါသည်။ "နာခံတော်"ဝတ္ထုသည် ၁၉၂၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည်။ "နာခံတော်"ဆိုသည်မှာ ဘုရင့်ပြန်ကြားရေးအရာရှိဖြစ်သည်။

❖ ၁၉၂၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်ကာလများအတွင်း ထင်ရှားသည့်ဝတ္ထုများ အထွက်နည်းခဲ့သည်။ ထိုအချိန်ကာလများကား ပထမကျောင်းသားသပိတ်အပြီး ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီး ကွဲသွားသည့်ကာလလည်းဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ဒိုင်အာခီရွေးကောက်ပွဲမှ အစပြုပြီး လူကြီး၊ လူငယ်တို့ ကွဲကြသည့်ကာလလည်းဖြစ်သည်။ ဆရာကြီး မစ္စတာမောင်မှိုင်း၏ ဋီကာများ၊ ဂဏ္ဍိများ၊ လေးချိုးကြီးများ တွင်တွင်ထွက်ပေါ်လာသည့်ကာလလည်းဖြစ်သည်။ နိုင်ငံရေးအသိအမြင်များ နိုးကြားတက်ကြွလာကြပြီး မျိုးချစ်စိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသည့် အချိန်ကာလလည်းဖြစ်သည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ပေးသည့်ဝတ္ထုများ အစီအရီပေါ်လာသည်။ ❖

ဇာတ်လမ်းအကျဉ်းမှာ အင်းဝခေတ် အနောက်ဖက်လွန်မင်းတရားလက်ထက်တွင် ပေါ်တူဂီနယ်ချဲ့ ကိုယ်စားလှယ် ဖိလစ်ဒီဗရစ်တို ခေါ် ငဇင်ကာနှင့် တောင်ငူဘုရင် နတ်သျှင်နောင်တို့ ပူးပေါင်းကာ အင်းဝကို တိုက်ခိုက်ရန် ကြံစည်သည့်ကာလကို နောက်ခံထားရေးဖွဲ့သည့် ဝတ္ထုဖြစ်သည်။

အင်းဝဘုရင်၏ လူယုံတော်သီရိဇေယျာနော်ရထာ၏ နာခံတော်ရဲလှနှင့် ငဇင်ကာ၏ ဇနီးထံတွင် အမှုထမ်းနေသော ရွှေဝင်း ခေါ် ခင်နှင်းနွယ်တို့၏ အချစ်ဇာတ်လမ်းသည် နာခံတော်၏ ဇာတ်လမ်းတစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရဲလှသည် အင်းဝဘုရင်၏ အမိန့်ဖြင့် သန်လျင်သို့သွားကာ ငဇင်ကာ၏ လူယုံအဖြစ် အမှုထမ်းသည်။ ထိုစဉ် ငဇင်ကာ၏မယား ကာကာရီနှင့် ငြိစွန်းသည်။ ထိုအခိုက် အင်းဝဘုရင်၏ တပ်များသည် ပြည်ကို သိမ်းပိုက်ပြီး တောင်ငူသို့ ချီတက်လာသည်။ တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ငဇင်ကာတို့ ပူးပေါင်းကြသည်။ ထိုအကြောင်း ရဲလှက အင်းဝသို့ သတင်းပို့သည်။ ငဇင်ကာသိရှိပြီး ရဲလှကို ဖမ်းချုပ်သည်။ ရွှေဝင်း ခေါ် ခင်နှင်းနွယ်က ရဲလှကို ကယ်တင် လွတ်မြောက်စေသည်။

ရဲလှသည် ပေါ်တူဂီသင်္ဘောတစ်စီးဖြင့် ပေါ်တူဂီနိုင်ငံသို့ လိုက်ပါသွားခဲ့သည်။ အင်းဝဘုရင်လည်း သန်လျင်ကို ချီတက်တိုက်ခိုက်ကာ ငဇင်ကာနှင့် နတ်သျှင်နောင်တို့ကို ကွပ်မျက်လိုက်သည်။ ရဲလှ သန်လျင်ပြန်ရောက်သောအခါ အမြင့်ငါးမြို့ကို ချီးမြှင့်ခံခဲ့ရသည်။ ခင်နှင်းနွယ်နှင့် ရဲလှတို့လည်း လက်ထပ်လိုက်ကြသည်။

စာပေဝေဖန်သူတို့က "နာခံတော်"ဝတ္ထုသည် ဝတ္ထုသဘောထက် ပညာပေးသဘော လွှမ်းမိုးသည်ဟု ဆိုသည်။ ၁၉၃၂ ခုနှစ်က "နာခံတော်"ဝတ္ထုကို သူရိယသတင်းစာတွင် အခန်းဆက်ဖော်ပြခဲ့သည်။ ၁၉၃၇-၁၉၃၈ ခုနှစ်က တက္ကသိုလ်ဥပစာတန်းတွင် ကျောင်းသုံးပြဋ္ဌာန်းခဲ့သည်။

ရွှေစကြာဦးစိုးမြင့်မှာ ဟင်္သာတခရိုင် ဒေါင့်ကြီးအရှေ့ဘက် ငါးအိမ်တန်းဇာတိဖြစ်ပြီး သကျသီဟစာမေးပွဲအောင်မြင်ခဲ့သည်။ မြန်မာ့နေ့စဉ်သတင်းစာ၊ အာဇာနည်သတင်းစာတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် နဂါးနီဂျာနယ်၏ အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်ခဲ့သည်။

"အထောက်တော်"၊ "သမားတော်"၊ "လေးညှင်းဝတ်လုံတော်ရ"၊ "ပီကင်းရောက်စောဥမ္မာ" စသည့် ဝတ္ထုများလည်း ထင်ရှားခဲ့သည်။

၁၉၃၃ ခုနှစ်တွင် အင်္ဂလိပ်ဆန့်ကျင်ရေးကို ဇောင်းပေးရေးသားခဲ့သူမှာ "ဒဂုန်ခင်ခင်လေး"ဖြစ်သည်။ ဆရာမကြီး၏ "ရွှေစွန်ညို"နှင့် "ထားရွှေစွန်ညို" တို့မှာ ထင်ရှားသည်။ အဆိုပါဝတ္ထုများကို "ရည်းစားဓားပြ"အမည်ဖြင့် ရုပ်ရှင်ရိုက်ခဲ့ရာ ထင်ရှားခဲ့သည်။

အဆိုပါ "ရွှေစွန်ညို"ဝတ္ထုကြီးမှာ မင်းတုန်းမင်းကြီး သေအံ့မူးမူးဖြစ်နေချိန်တွင် သီပေါမင်းသားကို နန်းတင်နိုင်ရန်အတွက် မင်းတုန်းမင်းကြီး၏ သားကြီးများ၊ ကြင်ယာတော်များကို သတ်သည့်အထဲတွင် ရွှေဂူမင်းသားနှင့်ဇနီးတို့ ပါသွားသည်။

ရွှေဂူမင်းသား၏ လက်စွဲတော် ဗိုလ်မှူးလေး ခင်မောင်ညိုသည် သီပေါမင်းသားအပေါ် အခဲမကျေနိုင်ဖြစ်ပြီး ရွှေဂူမင်းသား၏ သားတော်လေးကို ခေါ်ယူကာ နေပြည်တော်မှ ထွက်ပြေးပြီး ရှမ်းပြည်နယ်တွင် ခိုလှုံသည်။ လမ်းတွင် သားတော်လေးမှာ ရန်သူ့လက်ချက်ဖြင့် အသက်ကုန်ရသည်။ ထိုအချိန်မှစပြီး ခင်မောင်ညိုသည် "ရွှေစွန်ညို"အမည်ခံကာ ဓားပြဗိုလ်ကြီး လုပ်တော့သည်။

ရှမ်းပြည်နယ်တွင် မင်းဘဏ္ဍာမှန်သမျှ လုယက်တိုက်ခိုက်သည်။ သီပေါမင်း၏စစ်သည်များကို တိုက်သည်။ ခင်ဘုန်းမြင့်သည် မိဘများက သီပေါမင်း၏ မိဖုရားအဖြစ် ဆက်မည်ကို မနာယူဘဲ မိုးနဲရှိ ဦးလေးတော်သူ ဦးရွှေမောင်ဆီ အဖော်များနှင့် ထွက်ပြေးလာလေသည်။ လမ်းတွင် ရွှေစွန်ညိုအတုက ဓားပြတိုက်ရာ ရွှေစွန်ညိုအစစ်က ကယ်တင်လိုက်သည်။ ရွှေစွန်ညိုက ခင်ဘုန်းမြင့်ကို ပိုးပန်းသည်။ ဓားပြဗိုလ်မှန်းသိ၍ ခင်ဘုန်းမြင့်က မုန်းတီးသည်။

ရှမ်းစော်ဘွားတချို့ သီပေါမင်းလက်အောက်တွင် မနေလို၍ ပုန်ကန်ကြရာ ရွှေစွန်ညိုနှင့် ပူးပေါင်းမိကြသည်။ နေပြည်တော်မှ မင်းကျော်ခေါင်၏ တပ်များက ရွှေစွန်ညိုတို့ကို နှိမ်နင်းရန် မိုးနဲသို့ ရောက်လာ၏။ မင်းကျော်ခေါင်က ခင်ဘုန်းမြင့်ကို ပိုးပန်းသည်။ တစ်နေ့ မင်းကျော်ခေါင်က ခင်ဘုန်းမြင့်ကို မြင်းနှင့်ခိုးအလာ ရွှေစွန်ညိုက ကယ်တင်လိုက်သည်။ ရွှေစွန်ညိုက ခင်ဘုန်းမြင့်ကို ချစ်ရေးဆိုပြန်သည်။ ရွှေစွန်ညိုက မိမိမှာ ဓားပြမဟုတ်သူပုန်သာဖြစ်ကြောင်း ရှင်းပြသည်။ ခင်ဘုန်းမြင့်က မကျေနပ်၍ စခန်းမှ ထွက်ပြေးသည်။ မင်းကျော်ခေါင်ကို သတင်းပို့သည်။ ခင်ဘုန်းမြင့်အရေးထက် နိုင်ငံရေးကို ရွှေစွန်ညိုက ပိုပြီးအလေးထားခဲ့သည်။

မင်းကျော်ခေါင်တပ်များနှင့် ရွှေစွန်ညို၏ တပ်များ တိုက်ခိုက်ကြရာ ရွှေစွန်ညိုတို့အနိုင်ရသည်။ သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသောအခါ သီပေါမင်းကို မုန်းတီးရာမှ အင်္ဂလိပ်ကို မုန်းတီးစိတ်များပေါက်ဖွားလာသည်။

ရွှေစွန်ညိုကို အင်္ဂလိပ်က ဝရမ်းပြေးအဖြစ် ဆုငွေထုတ်ထားသည်။ ရွှေစွန်ညိုကလည်း အင်္ဂလိပ်နယ်ချဲ့တပ်များကို ဝင်ရောက်တိုက်သည်။ သည့်နောက် ရွှေစွန်ညိုနှင့် ခင်ဘုန်းမြင့်တို့ လက်ထပ်ကာ ကလေးတစ်ယောက်မွေးသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ရန်ကြောင့် စခန်းကို တောနက်ရာသို့ ရွှေ့ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်သူ မျိုးချစ်များအင်အားလျော့ပါးလာသည်။ တပည့်များက ခေါင်းဆောင်ရွှေစွန်ညိုကိုဖမ်းကာ ဆုငွေယူရန် ကြိုးစားလာကြသည်။ ထိုစဉ် ရွှေစွန်ညိုသည် တရုတ်တောပုန်းကြီး စန်လီဖူးနှင့် ပေါင်းမိသည်။ ရွှေစွန်ညို၏သား သားရွှေစွန်ညိုကလည်း စန်လီဖူး၏ သားချန်စူးနှင့် မိတ်ဆွေဖြစ်လာကြသည်။

ရွှေစွန်ညို၏ တပည့်သစ္စာဖောက် ပန်းထွေးက ရွှေစွန်ညိုကို လုပ်ကြံသည်။ ပန်းထွေးကို ရွှေစွန်ညို၏တပည့် စောချစ်ဦးက သတ်လိုက်ပြန်၏။ သားရွှေစွန်ညိုသည် မြန်မာပြည်ကို ပြန်သိမ်းပိုက်နိုင်ရန် ကြိုးစားသည်။

သားရွှေစွန်ညိုသည် စောချစ်ဦးနှင့် မာလာတို့၏ သမီး စောမျိုးချစ်နှင့် လက်ထပ်ခဲ့ရာမှ မြေးရွှေစွန်ညို ထွန်းကားခဲ့သည်။ ယူနန်တိုက်ပွဲတွင် သားရွှေစွန်ညို ကျဆုံးခဲ့သည်။ နောင်အခါ မြေးရွှေစွန်ညိုသည် စောရန်နိုင်ဖြစ်လာပြီး မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားခဲ့သည်။

ဆရာမကြီး ဒဂုန်ခင်ခင်လေးသည် မူလက ရုပ်ရှင်ရိုက်ရန် ဇာတ်ညွှန်းရေးရာမှ ဝတ္ထုအဖြစ် ဖန်တီးမိခြင်းဖြစ်သည်ဟု သိရသည်။ ၁၉၃၉ ခုနှစ်တွင် စာအုပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။ ဘုရင်စနစ်၊ နယ်ချဲ့စနစ်တို့ကို ဆန့်ကျင်ခဲ့သော ရွှေစွန်ညို၏ စိတ်ဓာတ်ကို သား၊ မြေးများထိ လက်ဆင့်ကမ်းသယ်ယူကာ လက်ရာမြောက်စွာ ရေးသားခဲ့သည်။ ဆရာမကြီး ဒဂုန်ခင်ခင်လေးမှာ လေးစားဖွယ်စာရေးဆရာမကြီးတစ်ဦးပင် ဖြစ်ပါသည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

**ပုသိမ်အောင်သန်းဦး**

# ပုသိမ်မြို့နယ်တွင် ယာယီရပ်နားခဲ့သည့်ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေ



**ပုသိမ် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ကြက်မွေးမြူရေးလုပ်ငန်းများ ယခုအခါ ပြန်လည်လုပ်ကိုင်နေကြောင်း ပုသိမ်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးညီညီအောင်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ၂၀၂၁ ခုနှစ်က ဈေးကွက်ထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် အသားစားကြက်နှင့်ဥစားကြက် မွေးမြူရေးလုပ်ငန်းများကို ယာယီရပ်နားထားခဲ့ကြောင်း၊ လက်ရှိတွင် ကြက်သားဈေးနှင့် ကြက်ဥဈေးများ ကောင်းလာခြင်းကြောင့် ယာယီရပ်နားခဲ့သည့် ဥစားကြက်နှင့် အသားစားကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြောင်း သိရသည်။

"၂၀၂၁ ခုနှစ်က လုပ်ငန်းရှင်တော်တော်များများ ဈေးကွက်ထိခိုက်မှုကြောင့် လုပ်ငန်းတွေအရှုံးပေါ်ခဲ့လို့ ယာယီရပ်ထားခဲ့တာပါ။ လက်ရှိ ကြက်မွေးမြူရေးလုပ်ငန်းအတွက် သွင်းအားစုစရိတ်တွေ ဈေးပြန်ကျလာတာကြောင့်လုပ်ငန်းရှင်အများစု ပြန်လည်လုပ်ကိုင်နေကြတာပါ။ လက်ရှိ ကြက်သားဈေးနဲ့ ကြက်ဥဈေးကလဲ ပြန်ကောင်းနေတယ်။ လုပ်ငန်းရှင်စုစုပေါင်း ၁၆ ယောက်လောက် ပြန်လည်လုပ်ကိုင်နေတာပါ"ဟု ပုသိမ်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးညီညီအောင်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ မွေးမြူရေးလုပ်ငန်းရှင်များသည် အသားစားကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းကိုလုပ်ငန်းရှင်တစ်ဦးလျှင် ကြက်ကောင်ရေ ၁၀၀၀ ဆံ့ ကြက်ခြံတစ်ခြံမှ ငါးခြံထိ မွေးမြူကြပြီး ကြက်ကောင်ရေ ၁၀၀၀ ဆံ့ ကြက်ခြံတစ်ခြံလျှင် အထွေထွေမွေးမြူရေးကုန်ကျစရိတ် ရှစ်သိန်းခန့်ထိ ရှိကြောင်း၊ ယခင်က ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၂၀ ထိသာဈေးရှိခဲ့ကြောင်း၊ ယခု ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိဈေးရရှိနေပြီး ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀ မှ ၃၀၀ ထိ ဈေးရရှိနေကြောင်း ဦးညီညီအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချီဖွေမြို့နယ် ထန်းဒုန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချီဖွေ ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းဒုန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၈၄ ဖြင့် ထန်းဒုန်ကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန်နှစ်ကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ချီဖွေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလတ်ထွယ်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထန်းဒုန်ကျေးရွာ၌ ဂါလန်၂၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန်တည်ဆောက်ခြင်း၊ နှစ်လက်မ PVC ရေပိုက်လိုင်းဖြင့် စိမ့်စမ်းရေအရှည် တစ်မိုင် သွယ်တန်းခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Mun-Sut Ring ကုမ္ပဏီ က ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ထန်းဒုန်ကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူ ၆၁၃ ဦးအတွက် ရာသီမရွေးသောက်သုံးရေရရှိ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလတ်ထွယ်အောင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထား ၄၀၇၃ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် နေ့စဉ်ဝင်ငွေရရှိတဲ့ စားဖိုဆောင်သီးနှံတွေကို အားထားစိုက်ပျိုးကြတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံကို ပွင့်ဖြူတစ်မြို့နယ်လုံး စားဖိုဆောင်သီးနှံစုံ ၄၀၇၃ ဧကလျာထားစိုက်ပျိုးခဲ့တာ ဒီနေ့ထိ စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧက စိုက်ပျိုးပြီးစီးခဲ့လို့ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ပွင့်ဖြူမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးမှုအနေဖြင့် ဇရုတ် ၁၄၀၅ ဧက၊ ကြက်သွန်နီ ၁၁၂၄ ဧက၊ ကြက်သွန်ဖြူ ၃၄ ဧက၊ အာလူး ၁၈ ဧက၊ အခြားဟင်းသီးဟင်းရွက်သီးနှံ ၁၇၄၂ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားဖိုဆောင်သီးနှံစုံ ၄၃၂၃ ဧက၊ ပဲမျိုးစုံသီးနှံ ၃၉၆၄၉ ဧက၊ ဆီထွက်သီးနှံစုံ ၂၂၁၈၃ ဧက၊ ဖူးစားပြောင်း ၂၀၄၈ ဧက၊ ကြွေ၊ နွားတိရစ္ဆာန်အစာ ၇၄၂၅ ဧက၊ အခြားစားပင်သီးနှံ ၃၈၅ ဧက စုစုပေါင်း ၇၆၀၁၃ ဧက စိုက်ပျိုးထားကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြစ်သားမြို့နယ် ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြစ်သား ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပေတောကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း မှာကြားသည်။

ပေတောကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း လုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Pipe Culvert ရှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၀ ဒသမ ၈၈၆ သန်းအသုံးပြု၍ ပုဂံစောထီးကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ပြီးစီးမှုကြောင့် ပေတောကျေးရွာရှိ အိမ်ခြေ ၁၇၃ အိမ်၊ လူ ၇၂၇ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဦးဝင်းမြင့်က ပြောပြ၍ သိရသည်။ **အေးသူ**



# တောင်သာမြို့နယ် ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်နှင့် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

# မာဒါဂါစကားနိုင်ငံတွင် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဖြစ်ပေါ်



**အန်တာနာနာရီဗို ဖေဖော်ဝါရီ ၂၂**

မာဒါဂါစကားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ ရက်က ဖရက်ဒီဟုအမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့သဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားရသလို စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း မာဒါဂါစကားအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းအားကောင်းခဲ့သည့်အတွက် လူနေအိမ်ခြေတချို့ပျက်စီးခဲ့ပြီး အများစုမှာ အိမ်ခေါင်မိုးများကွာကျမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လူနေအိမ်ခြေပျက်စီးရာမှ လူတစ်ဦး သေဆုံးသွားခဲ့ကြောင်း မာဒါဂါစကား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ လေတိုက်နှုန်းလဲပြင်းထန်နေပြီး ကမ်းခြေဒေသတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပွားနေတယ်။ မိုးရွာသွန်းမှုဟာ ကာလရှည်ဖြစ်နိုင်တဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးလာနိုင်တယ်။ ပင်လယ်အတွင်းမှာလဲ လှိုင်းလုံးကြီးတွေဖြစ်ပေါ်လာနိုင်တယ်။ ပင်လယ်အတွင်း လှိုင်းလုံးတွေက ၂၆ ပေလောက်ထိ မြင့်တက်လာနိုင်တဲ့အတွက် ကမ်းခြေဒေသတွေမှာ ရေကြီးရေလျှံမှုအခြေအနေပိုဆိုးလာနိုင်ပါတယ်"ဟု မာဒါဂါစကားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ဖရက်ဒီမုန်တိုင်းသည် မာနန်ဂျာဒီမြို့တွင် အဓိကဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီကီလိုမီတာ ၁၃၀ နှုန်းဖြင့်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေသလို ကာလရှည်မိုးရွာသွန်းဖွယ်ရှိနေကြောင်း မာဒါဂါစကား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# နျူကလီးယားနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက် ဥရောပသမဂ္ဂဆိုင်းငံ့

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၂**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ အဖွဲ့အစည်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်နေသည့်အတွက် နျူကလီးယားနှင့် ပတ်သက်သည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ကို ယာယီဆိုင်းငံ့ထားကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နျူကလီးယားစွမ်းအင်သည် ဘေးထွက်ဆိုးကျိုးများသည့်အတွက် ဥရောပနိုင်ငံတချို့က နျူကလီးယားစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရန် ကန့်ကွက်မှုများပြုလုပ်လျက်ရှိကြောင်း၊ ဥရောပနိုင်ငံများကြား နျူကလီးယားစွမ်းအင်ကဏ္ဍနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ရာဖြစ်ပေါ်နေသည့်အတွက် ဥရောပသမဂ္ဂအဖွဲ့အစည်းက ရာသီဥတုပြောင်းလဲမှုဆိုင်ရာသဘောတူညီချက်ကိုယာယီဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အင်အားကြီးနိုင်ငံတွေကြား နျူကလီးယားစွမ်းအင်နဲ့ပတ်သက်ပြီး အငြင်းပွားဖွယ်ရာဖြစ်ပေါ်နေတာဟာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ကို အဟန့်အတားဖြစ်စေပါတယ်။ ဒါကြောင့် ဒီပြဿနာကို မဖြေရှင်းနိုင်သေးသရွေ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ကို ယာယီဆိုင်းငံ့ထားဖို့လိုတယ်။ နျူကလီးယားစွမ်းအင်ကိစ္စ အငြင်းပွားဖွယ်ရာဖြစ်နေတာဟာ အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ တိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့အတွက် သဘောတူညီချက်ကို ယာယီဆိုင်းငံ့ထားတာဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုမရှိသော်လည်း ဘေးထွက်ဆိုးကျိုးများသည့်အတွက် ဂျာမနီနိုင်ငံနှင့် စပိန်နိုင်ငံတို့က နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်မှုကို ကန့်ကွက်နေကြကြောင်း၊ ဥရောပအင်အားကြီးနိုင်ငံများကြား နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာဖြစ်ပေါ်နေပြီး အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၏မူဝါဒအပေါ် ရိုက်ခတ်လာမည်ကိုစိုးရိမ်နေသည့်အတွက် ဥရောပသမဂ္ဂအဖွဲ့အစည်းက ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ကို ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

**နိုင်းဆက်**

# ကျူးဘားနိုင်ငံ Pinares De Mayari တောင်တန်းများပေါ်တွင် လောင်ကျွမ်းသောတောမီး လေတိုက်နှုန်းပြင်းထန်သဖြင့် Mensura Piloto အမျိုးသားဥယျာဉ်အနီးထိ ကူးစက်

**ဟာဗားနား ဖေဖော်ဝါရီ ၂၂**

ကျူးဘားနိုင်ငံအရှေ့ပိုင်း Holguin ပြည်နယ် Pinares De Mayari တောင်တန်းများပေါ်တွင် ယခုသီတင်းပတ် အစောပိုင်းကတည်းက စတင်လောင်ကျွမ်းလျက်ရှိသောတောမီးသည် လေတိုက်နှုန်းပြင်းထန်သဖြင့် အမျိုးသားဥယျာဉ်အနီးထိ လျင်မြန်စွာကူးစက်လောင်ကျွမ်းလျက်ရှိကြောင်း TeleSUR သတင်းဌာနက ဖေဖော်ဝါရီ ၂၁ တွင် ရေးသားဖော်ပြထားသည်။

ကျူးဘားနိုင်ငံအနှံ့အပြားတွင် ကာလရှည် မိုးခေါင်မှုကြောင့် ခြောက်သွေ့မှုများဖြင့်ကြုံတွေ့နေရပြီး ကနဦးမီးလောင်စဉ်က နေရာသုံးနေရာတွင် အနည်းငယ်သာ စတင်လောင်ကျွမ်းခဲ့သော်လည်း ပတ်ဝန်းကျင်ခြောက်သွေ့မှု၊ ပြင်းထန်သော လေတိုက်နှုန်းတို့အပြင် မီးသတ်သမားများသွားလာရခက်ခဲမှုများကြောင့် လျင်မြန်စွာကူးစက်လောင်ကျွမ်းလျက်ရှိရာ ယခုအခါ ကျူးဘားမီးသတ် တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးအတွက် ရုန်းကန်နေရကြောင်း ကျူးဘားအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။



မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် ကျူးဘားမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနအထူးပြုတပ်ဖွဲ့များက ကြိုးပမ်းလျက်ရှိပြီး လူဦးရေ ၆၀၀ ကျော်နေထိုင်သည့် Pinaresde Mayari တောင်တန်းအနီးရှိဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

လက်ရှိ တောမီးလောင်ကျွမ်းမှုသည် ၈၄ ဒသမ ၄ စတုရန်းကီလိုမီတာကျော် ကျယ်ဝန်းပြီး Mensura Piloto အမျိုးသားဥယျာဉ်အနီးသို့ရောက်ရှိလာကြောင်း မီးသတ်တပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျူးဘားနိုင်ငံ၏ ဇန်နဝါရီလ ထုတ်ပြန်ချက်များအရ နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် လိုအပ်သောမိုးရေချိန်ထက် ၆၂ ရာခိုင်နှုန်းလျော့နည်းသဖြင့် နိုင်ငံအနှံ့ခြောက်သွေ့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကျူးဘားမိုးလေဝသဌာနက ယခုသီတင်းပတ်အစောပိုင်းက ဖော်ပြခဲ့ကြောင်း သိရသည်။ AZH

# ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရန်အတွက် အသုံးပြုပြီးပလတ်စတစ်ပစ္စည်းတင်သွင်းမှုကို ၂၀၂၅ ခုနှစ်မှစ၍ ထိုင်းနိုင်ငံရပ်ဆိုင်းမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံအစိုးရသည် ၎င်း၏ နိုင်ငံသားများကျန်းမာရေးကိုထိခိုက်စေမှုမှကင်းဝေးရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချရန် ကြိုးပမ်းမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အသုံးပြုပြီးပလတ်စတစ်ပစ္စည်းတင်သွင်းမှုကို ရပ်ဆိုင်းသွားတော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ကြေညာခဲ့သည်ဟု Thai PBS World သတင်းဌာနက ဖေဖော်ဝါရီ ၂၁ တွင် ရေးသားဖော်ပြထားသည်။

ထိုင်းအစိုးရအနေဖြင့် ယခုနှစ်အတွင်းနှင့် လာမည့်နှစ်များမှစ၍ သုံးစွဲပြီး ပလတ်စတစ်ပစ္စည်းတင်ပို့မှုနှင့်ပတ်သက်ကာ ကန့်သတ်မှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အခွန်ကင်းလွတ်ဇုန်အတွင်းတည်ရှိသည့် ပလတ်စတစ်ပစ္စည်း ပြန်လည်အသုံးပြုထုတ်လုပ်ရေးစက်ရုံ ၁၄ ရုံကိုလည်း ယခုနှစ်တင်သွင်းရမည့် ပလတ်စတစ်အမှိုက်ပမာဏကို ၃၇၂၉၉၄ တန်သတ်မှတ်ခဲ့ပြီး အဆိုပါပမာဏထက်ပိုမိုတင်သွင်းခြင်းမပြုရန် ကန့်သတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကန့်သတ်မှုများတွင် ၂၀၂၄ ခုနှစ်အတွင်း ပလတ်စတစ်စက်ရုံများ၏ သုံးစွဲပြီးပလတ်စတစ်တင်သွင်းခွင့်ပမာဏကို ၎င်းတို့ထုတ်လုပ်နိုင်မှု ပမာဏအောက်ထက်ဝက်လျှော့ချသွားမည်ဖြစ်ကာ အခွန်ကင်းလွတ်ဇုန်ပြင်ပ ဧရိယာများတွင် သုံးစွဲပြီးပလတ်စတစ်တင်သွင်းခြင်းအတွက် ထုတ်လုပ်သူများသည် ၎င်းတို့စက်ရုံများ၏ထုတ်လုပ်မှုလိုအပ်ချက်ကိုဖြည့်ဆည်းရန် ကုန်ကြမ်းပစ္စည်း ပြတ်လတ်ကြောင်း အထောက်အထား ပြသရမည်ဖြစ်သည့်အပြင် တင်သွင်းလာသည့် သုံးစွဲပြီး ပလတ်စတစ်များကိုလည်း ပြန်လည်သန့်စင်ရန်မလိုဘဲ ကုန်ကြမ်းအဖြစ် တိုက်ရိုက်ပြန်လည်အသုံးပြုနိုင်ရမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Tipanan Sirichana က ပြောကြားခဲ့ကြောင်း သိရသည်။ AZH

# အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် ဂျုံစိုက်ခင်းများအပေါ် ဆိုးကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်စီစဉ်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်မားနေခြင်းနှင့်ပတ်သက်ပြီး အပူချိန်မြင့်တက်လာမှုကြောင့် ဂျုံစိုက်ခင်းများအပေါ်ဆိုးကျိုးများသက်ရောက်လာမှုကိုအကဲဖြတ်ရန် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းကစီစဉ်နေကြောင်း TOE သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်မှုသည် သာမန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ထက်မြင့်မားနေပြီး အပူချိန်မြင့်တက်မှုကြောင့် ဂျုံစိုက်ခင်းများအထွက်နှုန်းလျော့ကျလာသည့်အတွက် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက စောင့်ကြည့်အကဲဖြတ်သည့် အစီအစဉ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုကြောင့် ဂျုံသီးနှံအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် အစိုးရက အပူချိန်မြင့်တက်မှုကြောင့် ဂျုံသီးနှံထွက်ရှိမှုကိုစောင့်ကြည့်အကဲဖြတ်ဖို့ အဖွဲ့အစည်းတစ်ခုဖွဲ့စည်းသွားဖို့ပြင်ဆင်နေပါတယ်။ လောလောဆယ် ဂျုံတွေက အခြေအနေ ကောင်းနေဆဲဖြစ်ပါတယ်"ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဇန်နဝါရီလနောက်ဆုံးပတ်ထိ ကမ္ဘာ့နိုင်ငံများအနက် ဂျုံထွက်ရှိမှု ဒုတိယအမြင့်မားဆုံးသောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အပူချိန်မြင့်တက်မှုကြောင့် ဂျုံထွက်ရှိမှုသိသိသာသာလျော့ကျလာနိုင်သည့် အခြေအနေဖြင့်ရင်ဆိုင်နေရကြောင်း၊အိန္ဒိယနိုင်ငံမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက မတ်လအလယ်ပိုင်းတွင် အပူချိန်စံချိန်တင် မြင့်တက်လာဖွယ်ရှိနေသည့်အတွက် ဂျုံစိုက်ခင်းများအပေါ် သိသာသည့်ဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်ခြင်းကြောင့် ပြည်ပသို့ ဂျုံတင်ပို့နိုင်မှုလျော့ကျလာဖွယ်ရှိနေသည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

**နိုင်းဆက်**

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား **၂၈-၁-၂၀၂၃** ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကန်ဒေါ်လာသန်း ၅၂၀ ကျော်တန်ဖိုးရှိ မတ်ပဲတန်ချိန် ၇၀၀၀၀၀ တင်ပို့ရောင်းချပေးသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ သန်း ၅၂၀ ကျော်တန်ဖိုးရှိ မတ်ပဲ တန်ချိန် ၇၀၀၀၀၀ တင်ပို့ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော် တင်ပို့ရောင်းချပေးလျက်ရှိရာ မတ်ပဲသည် အများဆုံး တင်ပို့ရောင်းချပေးနေရသည့် ပဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့ရောင်းချပေးနေသည့် ပဲများတွင် မတ်ပဲသည်အများဆုံး တင်ပို့ရောင်းချပေးနေရသော်လည်း အိန္ဒိယနိုင်ငံသို့သာ အဓိကထား ရောင်းချပေးနေရသည့် ပဲအမျိုးအစားဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဈေးကွက်တွင်လည်း မိုဇမ်ဘစ်နိုင်ငံနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချနေရသည့်အခြေအနေတွင်ရှိနေသော်လည်း ပြည်ပပဲတင်ပို့မှုကဏ္ဍတွင် မတ်ပဲသည် နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနေသည့်ပဲဖြစ်ပြီး ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပြည်ပပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၄၉ ဒသမ ၆၃၅ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ရာ မတ်ပဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၈၄ ဒသမ ၀၅ သန်းဖြင့် အများဆုံး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၇၅ ဒသမ ၄၃၇ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၁၃ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၈၄ ဒသမ ၀၅ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၂၅ သန်းဖိုးရှိ မတ်ပဲတန်ချိန် ၇၀၀၀၀၀ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးရာတွင် ဘဏ္ဍာနှစ်၏ပထမသုံးလဖြစ်သည့် ဧပြီလမှဇွန်လထိ မတ်ပဲတန်ချိန် ၁၇၅၀၀၀၊ ဒုတိယသုံးလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလထိ မတ်ပဲတန်ချိန် ၁၇၅၀၀၀၊ ဘဏ္ဍာနှစ်၏ တတိယသုံးလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလထိ မတ်ပဲတန်ချိန် ၁၇၅၀၀၀ နှင့် ဘဏ္ဍာနှစ်၏ နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိ မတ်ပဲတန်ချိန် ၁၇၅၀၀၀ တင်ပို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅၀ ရရှိရန် ခန့်မှန်းထားကြောင်း၊ ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်၏ ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

SKL

## မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အင်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက အင်ပင်လှကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာတွင် အရှည် ၂ ဒသမ ၃ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေမန်းကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် အင်ပင်လှကျေးရွာရှိ အိမ်ခြေ ၂၉၀၊ လူဦးရေ ၃၂၈၅ ဦး၏ စိုက်ပျိုးမြေဧက ၃၉၂၇ ဧကမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

စင်မာ




# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး) - ဖုန်း - ၀၉ ၆၉၁ ၂၃၁၆၃၉၊ ၀၉ ၆၆၉ ၂၅၉၉၅၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၆-၂-၂၀၂၃ ရက်နေ့ထုတ်၊ ရတနာပုံသတင်းစာ၊ စာမျက်နှာ (၃၁)တွင် ဖော်ပြခဲ့သော "ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း" တွင် (မန္တလေးမြို့၊ ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာအုပ်စု၊ ကျီးတိုင်ကုန်းကျေးရွာ)အား **မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာအုပ်စု၊ ကျီးတိုင်ကုန်းကျေးရွာ** ဟုလည်းကောင်း၊ ဖုန်းနံပါတ် (09-797214437) အား **09-662198682, 09-257907318** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ရွှေတောင်သူ**
**(မြေပဲဆီသန့်)**
**တိုးပွားနိုင်ကုမ္ပဏီလီမိတက်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊Grade-10 တွင် ပညာသင်ကြားနေသော မမျိုးမြတ်ဖြိုး ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကိုကိုလွင် ဖြစ်ပါကြောင်း။ **ဦးကိုကိုလွင်(၉/မလန(နိုင်)၀၈၃၀၆၂)**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်း၊ ဝါးတန်းမြောက်နေ မမွန်းဂျတ်လင်း(၉/အမရ(နိုင်)၂၀၃၂၃၃)၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-3 ၏ ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ ဦးလဝေါမ် (ခ) မနာမ်လဝေါမ် ဖြစ်ပါကြောင်း။ **ဦးလဝေါမ် (ခ) မနာမ်လဝေါမ်(၁/မစန(နိုင်)၀၃၄၂၇၈)**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ မအိအိဖြိုးအောင် (ဘ) ဦးကြည်စိုး (၉/တကန(နိုင်)၂၀၀၀၀၀) (Passport No. ME 563389) ၏ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-667739477

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မောင်စည်သူစိုး (ဘ) ဦးတင်ဦး (၉/အမဇ(နိုင်)၁၃၇၄၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၄၆၈၅၀၃

**မီး**
**သတိပြု**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ကျွန်မ ဒေါ်ခင်မာ (၅/စကန(နိုင်)၀၉၅၇၈၂)မှ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်ခင်မာ နှင့် ဦးဇော်ဝင်း (၅/စကန(နိုင်)၀၉၅ ၈၀၈)တို့သည် ၁၇-၄-၁၉၈၅ ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယခုအခါ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၂၁-၂-၂၀၂၃ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး နှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဦးဇော်ဝင်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မာ(၅/စကန(နိုင်)၀၉၅၇၈၂)**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| (1) | **အရောင်းစာရေးမ ဘွဲ့ရ** | **အမျိုးသမီး** | **(၂)ဦး** |
| (2) | **ရောင်း/မောင်း** | **အမျိုးသား** | **(၂)ဦး** |
| (3) | Sale Men | **အမျိုးသား** | **(၁၀)ဦး** |
| (4) | **ယာဉ်မောင်း(မြို့တွင်း)** | **အမျိုးသား** | **(၁)ဦး** |

- အမှတ်စဉ်အားလုံးအတွက် ငွေကိုင်ရမည်ဖြစ်သောကြောင့် စာရိတ္တကောင်းမွန်ရမည်။
- ဆက်ဆံရေးကောင်း မွန်ရမည်။
- Customer ကို စိတ်ရှည်စွာ ပြောဆိုနိုင်ရမည်။
- အမှတ်စဉ်(2)နှင့်(4)အတွက် လိုင်စင်သက်တမ်း(၃)နှစ်နှင့် အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။

စိတ်ပါဝင်စားပါက CV Formနှင့်တကွ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ ရပ်ကွက်ထောက်ခံစာပါရမည်။ အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29 လမ်းကြား၊ မန္တလေး။ 09-5069199, 02-4069291

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံးဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့ -

- ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုး အနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သောဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု ဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့်အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်း တစ်ခုစိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ပုဂံယဉ်ကျေးမှုအလှနှင့် ဧရာဝတီမြစ်အလှကို မိုးပျံဘောလုံးစီးနင်း၍ ကြည့်ရှုခံစားမှု များပြားနေဆဲဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် ပြန်လည်စည်ကားလာသော ပုဂံယဉ်ကျေးမှုနယ်မြေတွင် မိုးပျံဘောလုံးစီးနင်းပြီး သဘာဝအလှရှုခင်းများ ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုအလှနှင့် ဧရာဝတီမြစ်အလှတို့ကို ပြည်တွင်းပြည်ပခရီးသွားများ ဝေဟင်မှ ကြည့်ရှုလေ့လာမှု များပြားနေဆဲဖြစ်ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ စေတီ၊ ပုထိုးနှင့် ဂူဘုရားများကို ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်းတို့ဖြင့် ကြည့်ရှုလေ့လာကြသည့်အပြင် ပုဂံဒေသ၏ အလှကို ပြည့်ဝစွာကြည့်ရှုခံစားနိုင်ရန် မိုးပျံဘောလုံးစီးနင်း၍ ဝေဟင်မှ ကြည့်ရှုမှုများပြားလျက်ရှိပြီး မိုးပျံဘောလုံးကုမ္ပဏီသုံးခုက ဝန်ဆောင်မှုပေးလျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုအလှနှင့်ယှဉ်တွဲ၍ ဧရာဝတီမြစ်အလှကို ကြည့်ရှုခံစားမှုများလာလျက်ရှိကာ မိုးပျံဘောလုံးဝန်ဆောင်မှုတွင် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀ မှ ၁၇၀၊မြန်မာကျပ်ငွေသုံးသိန်းမှ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မဇ္ဈုဝင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com